http://www.dhammadownload.com

တိပိဋကယောဆရာတော်

ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်



တိပိဋကဓမ္မလင်္ကာဆောင်(၅၄)

စတုတ္ထအကြိမ် ဓမ္မဒါန

အုပ်ရေ(၁၀၀၀၀)

(ရန်ကုန်မြို့ ပဟန်း မဟာဝိသုဒ္ဓါရုံ နှစ် - ၅၀ပြည့် ရွှေရတုအထိမ်းအမှတ်နှင့်
ကလေးမြို့ မဟာဝိသုဒ္ဓါရုံ ၂၅ -နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အထူးလက်ဆောင်)

သာသနာ ၂၅၅၆ ကောဇာ ၁၃၇၄-ခုနှစ်၊ ပြာသိုလ ခရစ် ၂၀၁၃-ခု၊ ဇန်နဝါရီလ


http://www.dhammadownload.com

စာသင်တိုက်တည် အာဇာနည်

- မိစ္ဆာဘေးရန်၊ တွန်းလှန်ဖယ်ရှား၊ ကင်းစင်သွားဖို့၊ စွမ်းအားမြှင့်တင်၊ စာသင်တိုက်တည်၊ အာဇာနည်၊ တည်ကြည်သန့်ရှင်းရ။
- ၁။ စည်းကမ်း-မေတ္တာ၊ ပညာဝတ်စုံ၊ စွမ်းအားထုံ၊ လုံခြုံတင်းကြပ် ဝတ်ဆင်ရ။
- ၂။ စာချ စာသင်၊ ချစ်ခင်ညီညာ၊ စိတ်မှာထူးခြား၊ စွမ်းအားတိုးတက်၊ ဉာဏ်ထက်မြက်၊ လက်နက်ကောင်းကို ကိုင်ဆောင်ရ။
- ၃။ သဒ္ဓါဖွေးဖြူ။ မေတ္တာတူ၍၊ ပေးလှူတတ်ပါ။ ဝေယျာဝစ္စ၊ ဆောင်ရွက်ကြသည့်၊ တက်ကြွနိုးကြား၊ ယာဉ်ရထား၊ စီးသွားမှီခို၍။
- အကြောင်း ၃-ဖြာ၊ ပြည့်စုံပါလျှင်၊ စာသင်တိုက်စွမ်း၊ အံ့မခန်း၊ ထူးဆန်းအောင်မြင်ကြ။

တိပိဋကယောဆရာတော်

http://www.dhammadownload.com



အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)

တိပိဋကဓရ၊ မဟာဝဏ္ဏာဂါရိက

http://www.dhammadownload.com

တိပိဋကယောဆရာတော် ၏

ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက်
စာသင်တိုက်



တိပိဋက ဓမ္မလက်ဆောင် (၅၄)

(ရန်ကုန်မြို့၊ ပဟန်း၊ မဟာဝိသုဒ္ဓါရုံ နှစ် ၅၀-ပြည့်
ရွှေရတုအထိမ်းအမှတ်နှင့် ကလေးမြို့၊ မဟာဝိသုဒ္ဓါရုံ
၂၅-နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အထူးလက်ဆောင်)

စတုတ္ထအကြိမ် ဓမ္မဒါန
အုပ်ရေ (၁၀၀၀၀)

သာသနာ ၂၅၅၆ ကောဇ ၁၃၇၄ ခရစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

*****

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၃၁၁၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၂၀၃၇၃၀၃၀၉

ပုံနှိပ်သူ – ဒေါ်ခင်အေးမော် (၀၆၀၂၄)

ဂုဏ်သီရိပုံနှိပ်တိုက်

အမှတ် - ၅၂၊ လမ်း (၃၀)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၅၀၀၂၅၇၅

ထုတ်ဝေသူ – ဦးကျော်ဟင်း

ယုံကြည်ချက်စာပေ

အုပ်ရေ – ၁၀၀၀၀

တန်ဖိုး – ၈မူဒါန

အကြိမ် – စတုတ္ထအကြိမ်

http://www.dhammadownload.com

မာတိကာ



၁။ စာသင်တိုက်တည် အာဇာနည် ၁

၂။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် ၉

၃။ ပုဂ္ဂိုလ်နှင့်ကျောင်း အတွဲကောင်း ၁၄

၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက် ၂၃

၅။ ဆရာစဉ်ဆက် အုပ်ချုပ်မှု ၂၉

၆။ ပရိယတ္တိ အားထုတ်မှု ၄၃

၇။ တိုက်တွင်းစာမေးပွဲများ ကျင်းပပေးမှု ၅၄

၈။ ထူးချွန်ပုဂ္ဂိုလ်များ ပေါ်ထွက်မှု ၆၀

၉။ သာသနာရေး ဆောင်ရွက်နေမှု ၇၈

၁၀။ နှစ်စဉ် ဝါဆိုသံဃာလက်ခံမှု ၉၂

၁၁။ နိဂုံးတော်မှ ဘွဲ့တံဆိပ်ဆက်ကပ်မှု ၉၉

http://www.dhammadownload.com

၁၂။ ကျောင်းတိုက်ခွဲများ တည်ထောင်မှု ၁၀၅
၁၃။ တိုက်တာစည်းကမ်း ထားရှိမှု ၁၁၀
၁၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံခဲ့ ကျောင်းတိုက်ခွဲ ၁၂၁

http://www.dhammadownload.com

တိပိဋကယောဆရာတော် ၏

ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်

တိပိဋက ဓမ္မလင်္ကာဆောင် (၅၄)



နမော အရဟတော

၁။ စာသင်တိုက်တည် အာဏာနည်

၉ မိစ္ဆာဘေးရန်၊ တွန်းလှန်ဖယ်ရှား၊
ကင်းစင်သွားဖို့၊ စွမ်းအားမြှင့်တင်၊
စာသင်တိုက်တည်၊ အာဏာနည်၊
တည်ကြည်သန့်ရှင်းရ။

http://www.dhammadownload.com

(၁)◉ စည်းကမ်း-မေတ္တာ၊ ပညာဝတ်စုံ၊
စွမ်းအားထုံ၊ လုံခြုံတင်းကြပ်ဝတ်ဆင်ရ။
(၂)◉ စာချစာသင်၊ ချစ်ခင်ညီညာ၊
စိတ်မှာထူးခြား၊ စွမ်းအားတိုးတက်၊
ဉာဏ်ထက်မြက်၊ လက်နက်ကောင်း
ကို ကိုင်ဆောင်ရ။
(၃)◉ သဒ္ဒါဖွေးဖြူ၊ မေတ္တာကူ၍၊
ပေးလှူတတ်ပါ၊ ဝေယျာဝစ္စ၊
ဆောင်ရွက်ကြသည့်၊ တက်ကြွနိုးကြား၊
ယာဉ်ရထား၊ စီးသွားမှီခို ရ။
◉ အကြောင်း ၃-ဖြာ၊ ပြည့်စုံပါလျှင်၊
စာသင်တိုက်စွမ်း၊ အံ့မခန်း၊
ထူးဆန်းအောင်မြင်ကြ။

http://www.dhammadownload.com

မြန်မာ့မြေပေါ်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ခိုင်မာသန့်ရှင်းထည်ဝါစွာ တည်တံ့ထွန်းကားနေခြင်းသည် အဓိကအားဖြင့် ပရိယတ္တိစာသင်တိုက်များ၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ စာသင်တိုက်ဟူသည် သာသနာ၏ဆန့်ကျင်ဖက်မိစ္ဆာရန်စွယ်အန္တရာယ်ကို ကာကွယ်ဖို့, ဘေးရန်ပေါ်လာလျှင် တွန်းလှန်ဖယ်ရှားသုတ်သင်ဖို့, သာသနာ့အညစ်အကြေးကင်းစင်ဖို့, စွမ်းအားမြှင့်တင်ကြိုးစားနေရသောကြောင့် တကယ့်အာဇာနည် သူရဲကောင်းအလုပ်ကို လုပ်နေရသည့်ဌာန ဖြစ်ပေသည်။

စာသင်တိုက်ဟူသော အာဇာနည်သည်

(၁) စည်းကမ်း, မေတ္တာ, ပညာဟူသော

http://www.dhammadownload.com

ချပ်ဝတ်တန်ဆာဝတ်စုံကို ချပ်ချပ်ရပ်ရပ် တင်း ကြပ်သေချာစွာ ဝတ်ဆင်ထားရသည်။ စည်း ကမ်းသည် စာသင်တိုက်၏အလှဖြစ်သည်။ စည်းကမ်းဖြင့်ဖွဲ့စည်း၍ နေ့စဉ်စည်းကမ်းတကျ လေ့ကျင့်နေရသောဌာနသည်ပင် စာသင်တိုက် ဖြစ်သည်။ ကျောင်းတိုက်နှင့် စည်းကမ်းစနစ်၊ စည်းကမ်းစနစ်နှင့်ကျောင်းတိုက်သည် ခွဲခွာ၍ မရကောင်း၊ စည်းကမ်းစနစ်ကြောင့် ကျောင်း တိုက်ကြာရှည်စွာတည်တံ့၍ ကြီးပွားတိုးတက် ရခြင်းဖြစ်သည်။

မေတ္တာသည် စာသင်တိုက်၏အရိပ်ဖြစ် သည်။ စာချဉ်းကြီးကလည်း စာသင်သား နှင့် ဒကာ၊ ဒကာမများအပေါ်, စာသင်သား

http://www.dhammadownload.com

ကလည်း စာချဘုန်းကြီးနှင့် ဒကာ၊ ဒကာမများ အပေါ်, ဒကာ၊ ဒကာမများကလည်း စာချ စာသင်သား သံဃာတော်များအပေါ် အချင်း ချင်း မေတ္တာဖြင့် အရိပ်ပေးထားကြရသည်။ မေတ္တာခိုင်မာအောင် သည်းခံခွင့်လွှတ်သဘော ထားကြီးတတ်သည့်ခန္တီဖြင့် ထောက်ကန်ထား ကြရသည်။ ဥပေက္ခာဖြင့်လည်း အနားကွပ် ထားရသည်။

ပညာအရည်အချင်းသည် စာသင်တိုက်၏ ခန့်ညားထည်ဝါရေရင့်သည့် စွမ်းရည်ခွန်အား ဖြစ်သည်။ ကြံခိုင်မှုဂုဏ်ရည်လည်း ဖြစ်သည်။ ပရိယတ္တိပညာဖြင့် အဆင့်ဆင့်ဂုဏ်တင်ပေး နေရသည်။ ပညာကြွယ်မှ အရာရာ ပွဲလယ်

http://www.dhammadownload.com

တင့်သည်။

(၂) စာပေလည်းကျွမ်းကျင်, ဝါသနာလည်းရှိ, မေတ္တာလည်းပြည့်ဝသည့် အရည်အချင်းပြည့် ဉာဏ်ရည်ခွန်စာချဉ်းကြီး ဟူသော လက်နက်ကောင်းနှင့် သိက္ခာလိုလားပညာကြိုးစားသည့် ဉာဏ်ရည်ခွန်စာသင်သားဟူသော လက်နက်ကောင်းကို ကိုင်ဆောင်ထားရသည်။ သူရဲကောင်းသည် လက်နက်မကိုင်ဘဲ အစွမ်းမပြနိုင်သကဲ့သို့ စာသင်တိုက်သည်လည်း စာချ, စာသင်မရှိဘဲ အလုပ်မဖြစ်နိုင်ပါ။ စာချသက်သက်လည်း အလုပ်မဖြစ်, စာသင်သက်သက်လည်း အလုပ်မဖြစ်၊ ၂-မျိုးလုံးရှိမှသာ အလုပ်ဖြစ်နိုင်သည်။ စာချစာသင်

http://www.dhammadownload.com

ပရိသတ်သည် စာသင်တိုက်၏ တကယ့် ပြတိုက်အစစ်ပင် မဟုတ်ပါလော။

(၃) သဒ္ဓါဖွေးဖြူ။ မေတ္တာကူ၍ ပေးလှူ။ တတ်သည့် စိတ်ထားကြည်လင် အလှူရှင်များ နှင့် ဝေယျာဝစ္စ ကိစ္စကြီးငယ် အသွယ်သွယ် ကို မညည်းမညူ။ စိတ်ထားဖြူဖြူ အနီးကပ် ကူညီဆောင်ရွက်ပေးတတ်သည့် စေတနာရှင် များဟူသော ယာဉ်ရထားကောင်းကိုလည်း မိုခိုစီးနင်းခွင့်ရမှ စွမ်းအားထုတ်နိုင်သလောက် ခရီးပေါက်ရောက်နိုင်မည် ဖြစ်သည်။

စည်းကမ်းကလည်း ကောင်း, မေတ္တာက လည်း ပြည့်, ပညာအရည်အချင်းကလည်း ရှိ, စာချစာသင်များကလည်း တကယ်တော်,

http://www.dhammadownload.com

ပစ္စည်း ၄-ဖြာ ဝေယျာဝစ္စမလိုရအောင် ဖြည့်ဆည်းပေးသူတွေကလည်း လုံလောက်နေလျှင် စာသင်တိုက်ဟူသော အာဇာနည်သူရဲကောင်းသည် ကာလရှည်ကြာစွာ အစွမ်းပြနိုင်မည်သာ ဖြစ်ပါသည်။



http://www.dhammadownload.com



၂။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်

- ပြသူ-သင်သူ၊ ချီးမြှောက်သူ၊
  စိတ်တူညီညွတ်ကြ။
- သံယာနှင့်လူ၊ အုပ်ချုပ်သူ၊
  ကြည်ဖြူ ညီညွတ်မှု။
- မေတ္တာပန်းခိုင်၊ ၃-ပွင့်ဆိုင်၊
  ပြန့်လိုင် တိုးတက်ရ။

http://www.dhammadownload.com



သာသနာရောင်၊ ထွန်းလင်းပြောင်၊
မြင့်ခေါင် စွမ်းပြည့်ဝ။
မေတ္တာအစွမ်း၊ စိတ်အေးချမ်း၊
ရွှင်လန်း အားတက်ရ။

သာသနာပေါ်ပေါက်လာဖို့ ခက်ခဲသလောက် ဘုရားမရှိသည့်နောက် သာသနာမကွယ်ပျောက်အောင် စောင့်ရှောက်ထိန်းသိမ်းရသည့် တာဝန်ကလည်း ကြီးလေးလှသည်။ တစ်ဦးတစ်ယောက်ကောင်းအောင်အားဖြင့် ထမ်းဆောင်နိုင်သည့်တာဝန်မျိုးမဟုတ်ပေ။ စားဖွယ်အပြည့်ထည့်ထားသည့် ဒယ်အိုးကြီးမျိုးကို ခိုင်မာသောဖိုခနောက်(ဖိုခုံလောက်) ၃-လုံးရှိမှ မလဲအောင် မကျအောင် မဖိတ်ရအောင်

http://www.dhammadownload.com

တင်ထားနိုင်သကဲ့သို့ စွမ်းအားအကြီးမားဆုံး အနှစ်သာရအပြည့်ဝဆုံးဖြစ်သည့်ဗုဒ္ဓသာသနာတော်ကို စိတ်ခွန်အားကောင်းသူ မေတ္တာရှင်တို့၏ မေတ္တာဖိုခနောက်(ဖိုခုံလောက်) ၃-လုံးပေါ်တင်ထားမှ သာသနာ တာရှည်ခံမည်ဖြစ်သည်။ စိတ်ခွန်အားကောင်းသူများသာ သာသနာကိုနိုင်အောင် သယ်ပိုးထမ်းဆောင်နိုင်ကြသည်။

သာသနာ့အလုပ်သည် မေတ္တာအလုပ်ဖြစ်သဖြင့် မေတ္တာပန်းခိုင် ၃-ပွင့်ဆိုင် ပုံစံဖြင့် စုပေါင်းဆောင်ရွက်ရမည့်အလုပ် ဖြစ်သည်။ သာသနာပြု မေတ္တာပန်း ၃-ပွင့်ဟူသည် -

(၁) စာပေပို့ချသင်ပြပေးသူ

http://www.dhammadownload.com

(၂) စာပေသင်ယူသူ နှင့်

(၃) မိဘပမာ သဒ္ဓါ, မေတ္တာ, ပညာရှေ့ထား၍ ပစ္စည်း ၄-ပါး ခီးမြှောက်ထောက်ပံ့အားပေးသူ တို့ပေတည်း။

တစ်နည်းအားဖြင့် -

(၁) သာသနာ့ဝန်ထမ်း ရှင်ရဟန်းဟူသော သံဃာ၊

(၂) ပစ္စည်း ၄-ပါး ခီးမြှောက်ထောက်ပံ့သူ တိုင်းသားပြည်သူ လူအများနှင့်

(၃) နိုင်ငံတော်အစိုးရ စသော အုပ်ချုပ်ရေး တာဝန်ခံပုဂ္ဂိုလ်

ဤ ၃-မျိုးတို့ပေတည်း။

ဤမေတ္တာပန်း၃-ပွင့် မျက်နှာချင်းဆုံကာ

http://www.dhammadownload.com

စိတ်ထားကြည်ဖြူ။ ညီညွတ်စွာဖြင့် ဝိုင်းဝန်းခိုး
မြှောက် စောင့်ရှောက်အားပေးခြင်းကြောင့်သာ
မြန်မာ့မြေပေါ်၌ ဗုဒ္ဓသာသနာ တည်နေရပေ
သည်။ ဤ ၃-မျိုးရှိမှလည်း ကာလရှည်ကြာ
ပရိယတ္တိစာသင်တိုက် တည်တံ့တိုးတက် စည်
ပင်နိုင်မည် ဖြစ်သည်။



http://www.dhammadownload.com



၃။ ပုဂ္ဂိုလ်နှင့်ကျောင်း အတွဲကောင်း

လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ မေတ္တာရွှေ့ထား၊ တရားဆည်းပူး၊ စွမ်းရည်ထူးဖြင့်၊ ကျေးဇူးပြုတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။

အသိမြင့်မား၊ တရားဆည်းပူး၊ စွမ်းရည်ထူးကြောင့်၊ ကျေးဇူးသိတတ်၊ ထုတ်ဖော်တတ်၊ လူမြတ်ကိုလည်း ရခဲသည်။

http://www.dhammadownload.com

၉ ပုဂ္ဂိုလ်နှင့်ကျောင်း အတွဲကောင်း၍၊ နစ်ပေါင်းရှည်ကြာ၊ ကောင်းစွာတည်ဘိ၊ အသိမှန်ကန်၊ အဖိုးတန် ကေန်စိတ်အေးသည်။

လူသည် အသိဉာဏ်နှင့် အကျင့်သိက္ခာမြင့်မားသလောက် တန်ဖိုးတက်၍ အများသူငါအားကိုးရသည်။ လောကဌ အသိထူးခြားဂုဏ်ကြီးမားသည့် ရှားပါးပုဂ္ဂိုလ် ၂-မျိုးကိုရဖို့ ခက်ခဲသည်။ တွေ့ကြုံဖို့ ခဲယဉ်းသည်။

၂-မျိုးဟူသည် -

(၁) လာဘ်လည်းမဖက်, ဂုဏ်လည်းမမက်ဘဲ သဒ္ဓါ, မေတ္တာ, ပညာစစ်စစ်ဖြင့် ရှေ့ကနေ၍ ကျေးဇူးပြုပေးတတ် ကူညီစောင့်

http://www.dhammadownload.com

ရောက်ပေးတတ်သည့် ကျေးဇူးရှင်ပုဂ္ဂိုလ်မျိုး၊ ကိုယ့်အတွက် မငဲ့ကွက်ဘဲ အများအတွက် မေတ္တာစစ်စစ်ဖြင့် ရေးဦးမခွတ် ကျေးဇူးပြုတတ်သည့် ပုဂ္ဂိုလ်မျိုး၊

(၂) မိမိကို ကူညီစောင့်ရောက် ကျေးဇူးပြုခဲ့ဘူးသည့် ကျေးဇူးရှင်၏ကျေးဇူးကို သိတတ်, ထုတ်ဖော်တတ်, ကျေးဇူးတုန့်ပြန်ဆပ်တတ်သည့် ပုဂ္ဂိုလ်မျိုး၊ "မည်သူသည် ကိုယ့်ကို မည်ကဲ့သို့ ကူညီစောင့်ရောက်ခဲ့ဘူးသည်" ဟု အသိအမှတ်ပြုတတ်သည့်ပုဂ္ဂိုလ်မျိုး၊ ဤပုဂ္ဂိုလ်ထူး ၂-မျိုး ပေါ်ပေါက်ရရှိရန် ခက်ခဲလှသည်။ ဤပုဂ္ဂိုလ် ၂-မျိုးနှင့် တွေ့ကြုံဆက်ဆံခွင့်ရလျှင် အများသူငါ ကောင်းမှုတိုး၍

http://www.dhammadownload.com

ကောင်းကျိုးချမ်းသာပွားရသည်။

ပုဂ္ဂိုလ်နှင့်ကျောင်း အတွဲကောင်းလျှင် သက်ရှိပုဂ္ဂိုလ်စွမ်းအားကြောင့် သက်မဲ့ကျောင်း လှပထည်ဝါခန့်ညားသည်။ သက်မဲ့ကျောင်းအလှကြောင့် သက်ရှိပုဂ္ဂိုလ် မြင့်မားတိုးတက်ကြီးပွားသည်။ ချဉ်းကပ်လာသူ ဆက်ဆံခွင့်ရသူအားလုံးကို ပုဂ္ဂိုလ်ကရော ကျောင်းကပါ ကောင်းမှု ကောင်းကျိုး အစဉ်တိုးစေသည်။

(က) ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း (ယခင်က ဂန့်ဂေါ်ပန်းလမ်း)၌ တစ်ကော သာသာမျှသာ ကျယ်ဝန်းသော ကွစ္ဆာသယကုန်း မြေကလေးတည်ရှိသည်။ ကွစ္ဆာသယကုန်း

http://www.dhammadownload.com

သည် ရန်ကုန်မြို့ရှိ သမိုင်းဝင်ကုန်း (၉)ကုန်း တွင် တစ်ကုန်းအပါအဝင် ဖြစ်သည်။

မူလက ဗဟန်း ရွှေဂုံတိုင်လမ်း (၁၂၇) နေ ဒေါ်သိန်းဇင်ပိုင်သော မြေနေရာဟု သိရသည်။ ဒေါ်သိန်းဇင်က ၁၃၀၉-ခု၊ ကဆုန်လဆုတ်(ဂ)ရက်နေ့တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ဌာနာလမ်း၊ အောက်လမ်း (၁၆)နေ (နောက်အခါ ကမ်းနားလမ်း၊ ၂၀၈ နေ) ဦးမောင်ဟန်-ဒေါ်စန်းခင်တို့အား ၁၀၀၀/- (ကျပ်တစ်ထောင်) ဖြင့် ရောင်းချလိုက်သည်ဟု သိရသည်။

ဦးမောင်ဟန်-ဒေါ်စန်းခင်တို့က တစ်ပါးနေ ကျောင်းဆောက်၍ ၁၃၁၀-ခု၊ ပထမ

http://www.dhammadownload.com

ဝါဆိုလဆုတ် (၉)ရက်၊ (၂၉-၆-၄၈)နေ့၌ ကျစ္ဆာသယဆရာတော် တွင်လာမည့်ဘုန်းတော်ကြီး ဦးနေမိန္ဒရ (ခေါ်) ဦးနေမိန္ဒအား ကျောင်းနှင့်ကျောင်းမြေကို လှူလိုက်သည်။ ဘုန်းတော်ကြီး ဦးနေမိန္ဒသည် ကျစ္ဆာသယကျောင်း၌ သီတင်းသုံးသည့်အချိန်မှစ၍ ကျစ္ဆာသယဆရာတော်ဟု တွင်လာသည်။ ကျစ္ဆာသယဆရာတော်နှင့် ကျစ္ဆာသယကျောင်းလူမှန် နေရာမှန် ပေါင်းမိသွားသည်။

(ခ)ကျစ္ဆာသယကုန်းပေါ်၌ တစ်စတစ်စ ကျောင်းဆောင်ငယ် ၄-ဆောင်ထိ တိုးလာသည်။ လူနေအိမ်များလည်း ပြည့်ကျပ်ရောပြွမ်းလာသည်။ ကျစ္ဆာသယဆရာတော်ကြီး

http://www.dhammadownload.com

သန္တာန်၌ "ဤသာယာလုပသည့် ကုန်းမြေကလေးသည် တရားအအေးဓါတ်နှင့်အလင်းရောင်အမြဲပေးနေသည့် စာသင်တိုက်သာဖြစ်သင့်သည်" ဟု စာသင်တိုက်ဖြစ်လိုသည့် ဆန္ဒသာ တစ်ဖွားဖွားဖြစ်နေသည်။ "စာသင်တိုက် ဖြစ်အောင်လုပ်မည်" ဟုပင် ဆုံးဖြတ်လိုက်သည်။ လာဘ်လည်းမဖက် ဂုဏ်လည်းမမက်သည့် သဒ္ဓါ, မေတ္တာ, ပညာအစစ်ရှိနေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ ဆန္ဒမွန်ပေတည်း။ လူနေအိမ်များကို တစ်စတစ်စဖယ်ရှား၍ စာသင်တိုက်ဖြစ်နိုင်မည့် အခွင့်အလမ်းကိုသာ ရှာကြံနေခဲ့သည်။

ဦးကျော်စိန်အလှူအတွက် ရန်ကုန်သို့

http://www.dhammadownload.com

ကြွလာသော မန္တလေး မဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော်ကြီး ဦးပဏ္ဍိစ္စထံ ကျစ္ဆာသယဆရာတော်ကြီးက သွားရောက်တွေ့ဆုံကာ မိမိဆန္ဒကို တင်ပြဆွေးနွေးသည်။ ဆရာတော်ကြီး ၂-ပါးသည် ဇာတိရွာနီးချင်းလည်းဖြစ်၍ အတူနေခဲ့ဘူးသည့် အလွန်ရင်းနှီးချစ်ကျွမ်းဝင်သော သီတင်းသုံးဖော် မိတ်ဆွေများလည်းဖြစ်ကြသည်။ သံတော်ဆင့်ဆရာတော်ကြီးထံ၌ အရည်အချင်းပြည့် တပည့်ကြီးများ၏ ကြောင်းကို ကျစ္ဆာသယဆရာတော်ကြီးက သိရှိထားပြီးဖြစ်သည်။

ထို့ကြောင့် ကျစ္ဆာသယဆရာတော်ကြီးက ၁၃၁၉-ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်

http://www.dhammadownload.com

(၃-၁-၅၈)နေ့တွင် ကျောင်းဆောင်ငယ် ၄-ဆောင်နှင့်တကွ ဣစ္ဆာသယကျောင်းမြေကို သံတော်ဆင့်ဆရာတော်ကြီးအား လှူဒါန်းလိုက်သည်။ သံတော်ဆင့်ဆရာတော်ကြီးက "စာသင်တိုက်ဖြစ်အောင် စီမံပေးမည်" ဟု ဝန်ခံကာ မြတ်နိုးစွာ လက်ခံထားလိုက်သည်။ သံတော်ဆင့်ဆရာတော်ကြီးနှင့် ဣစ္ဆာသယကျောင်း အပေါင်းမှန်သွားပြန်သည်။ ထိုအချိန်က ဣစ္ဆာသယကျောင်းမြေသည် တစ်သိန်းကျော်တန်ဖိုးရှိသည်ဟု သိရသည်။

❀❀❀

http://www.dhammadownload.com



၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်

- ကံကောင်းကိုမ၊ ဥာဏ်လုံလ၊
  တက်ကြွနိုးကြားသည်။
- တာဝန်ယူကာ၊ စောင့်ရှောက်ကာ၊
  ကောင်းစွာကြိုးစားသည်။
- ဝိသုဒ္ဓါရုံ၊ ခွင့်ခါကြုံကြိုက်၊ စာသင်တိုက်၊
  သိုက်မြိုက်ပေါ်လာသည်။

http://www.dhammadownload.com

သံတော်ဆင့်ဆရာတော်ကြီးက စာသင်တိုက်ဖြစ်ရေးအတွက် အရည်အချင်းပြည့်ဝသည့် တပည့်ရင်းဖြစ်သူ မန္တလေးစာချအကျော်“ဝိ-သံ-ဝါ”(ဝိသုဒ္ဓါရုံသံတော်ဆင့် အရှင်ဝါသဝါဘိဝံသ)ဟု ချီးကျူးဂုဏ်တင်ခံရသော ဆရာတော် အရှင်ဝါသဝါဘိဝံသ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ သက္ကသီဟ ဓမ္မာစရိယ)အားယုံကြည်စိတ်ချစွာ တာဝန်ပေးအပ်တော်မူလိုက်သည်။ ဆရာတော်အရှင်ဝါသဝါဘိဝံသသည် အလွန်များပြားလှသော မန္တလေးစာလိုက်ပရိသတ်အပေါ် ငဲ့ညှာထောက်ထားမိသော်လည်း ဆရာသမားစကားကို အလွန်လေးစားလိုက်နာတတ်သောကြောင့် ကျစ္ဆာသယ

http://www.dhammadownload.com

ကျောင်းမြေကို ရဲဝံ့ကျေနပ်စွာ တာဝန်ယူ လက်ခံလိုက်သည်။ သက်တော် (၅၀)အရွယ် ၁၃၂၀-ခုနှစ် ဝါဆိုလဆွဲ သံဃာ(၃၀)မျှဖြင့် စာသင်တိုက် စတင်တည်ထောင်လိုက်သည်။ တိုက်တည်ဆရာတော်ကြီးနှင့် ကွန်ဆာသယ ကျောင်း အပေါင်းမှန်သွားပြန်သည်။

သံတော်ဆင့်ဆရာတော်ကြီးက မန္တလေး ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ကျေးဇူး ဂုဏ်ကို ပူဇော်သောအားဖြင့် မန္တလေး မဟာ ဝိသုဒ္ဓါရုံတိုက်သစ်မှ ခွဲလာခြင်းလည်း ဖြစ်သဖြင့် စာသင်တိုက်ကို "မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်" ဟု အမည်ပေးထားလိုက်သည်။ တိုက်တည်ဆရာတော်ကြီးသည် ခိုင်မာသည့်

http://www.dhammadownload.com

သံမဏိစည်းကမ်းများဖြင့် ကျောင်းတိုက်ကို တည်ထောင်သည်။ နေ့စဉ် စည်းကမ်းတကျ လေ့ကျင့်နေရသောဌာနကိုပင် စာသင်တိုက်ဟု ခေါ်ခြင်းဖြစ်သည်။ စာသင်သားများဖို့ ထက် ကောင်းဖို့သာ ဦးစားပေးလက်ခံ၍ လေ့ကျင့်သင်ကြားပေးသည်။ စာချဆရာတော်များကလည်း မြတ်နိုးစွာ ကူညီပေးကြသည်။

သံတော်ဆင့်ဆရာတော်ကြီး၏ ဆွေမျိုးလည်းဖြစ် တပည့်လည်းဖြစ်သော ဦးကျော်စိန်- ဒေါ်အုန်းစိန်တို့သည် မူလကျောင်းဒကာများဖြစ်ကြ၏။ နောက်၌ မဋ္ဌသကဦသန်းမောင်- ဒေါ်ခင်အုန်း၊ စိန်ဘရားသား ဦးထွန်းစိန်မိသားစု၊ ဗိုလ်ကြီးဦးမောင်တင်-ဒေါ်ခင်အေး

http://www.dhammadownload.com

ကြည်၊ ဦးကျော်သောင်း-ဒေါ်မျိုးသိမ့်၊ ဦးသက်စု- ဒေါ်ခင်သန်းနှင့် မောင်နှမများ၊ ဒေါ်အေးကျင်မိသားစု စသော ကျောင်းဒကာ ကျောင်းအမများ၊ ဝေယျာဝစ္စအဖွဲ့နှင့်တကွ ပစ္စည်း ၄-ပါး ဒကာ,ဒကာမများ မြောက်မြားစွာ တိုးပွားလာခဲ့သည်။

ဆရာဒကာ ညီညွတ်လက်တွဲ၍ ကြိုးစားအားထုတ် အလုပ်လုပ်မှုကြောင့် အောင်မြင်တိုးတက်မှုအရှိန် တစ်စတစ်စ မြင့်မားလာသည်။ ကျောင်းတိုက်တည်၍ ၃-နှစ်မြောက်၌ အရည်အချင်းပြည့်စာသင်တိုက်ဖြစ်လာသဖြင့် (ပါဠိတက္ကသိုလ်ခေတ် ဖြစ်ရကား) နိုင်ငံတော်အစိုးရသာသနာရေးဌာနက ပါဠိတက္ကသိုလ်

http://www.dhammadownload.com

အဖြစ် အသိအမှတ်ပြုလိုက်သည်။

"မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်" ဟု ဖြစ်လာရသည်။ ပုဂ္ဂိုလ်နှင့် ကျောင်း အတွဲကောင်းနေသဖြင့် ကောင်းမှုများစွာ တိုးပွားနေကြသည်။



http://www.dhammadownload.com



၅။ ဆရာစဉ်ဆက် အုပ်ချုပ်မှု

၁။ ဓာပေကျမ်းဂန်၊ လမ်းအမှန်၊
ကောန်ကျွမ်းကျင်ရ။
၂။ အကျိုးလိုကာ၊ စေတနာ၊
မေတ္တာအားကြီးရ။
၃။ သင်ပြလိုငြား၊ ထူးခြားလှစွာ၊
ဝါသနာ၊ စိတ်ပါဝင်စားမှု။

http://www.dhammadownload.com

၄။ ကိုယ်ကျိုးစွန့်ခွာ၊ သည်းခံကာ၊
နစ်နာခံတတ်မှ။
စာချဆရာ၊ ရတနာ၊
ကောင်းစွာဖြစ်လာရ။
သစ်တစ်ပင်ကောင်း၊
ငှက်ပေါင်းများစွာ၊ မှီခိုရာသို့၊
ဆရာကောင်းမူ၊ စိတ်ကြည်ဖြူလျှင်၊
ရှင်လူရဟန်း၊ စိတ်အေးချမ်း၊
မှီငြမ်းခိုလှုံရ။
အထိန်း-တွန်းအား၊ လမ်းညွှန်ငြား၊
ပွားများမေတ္တာ ခြုံတတ်ရ။
ဆရာစဉ်ဆက်၊ မေတ္တာယုက်၊
အကွက်စေ့အောင် အုပ်ချုပ်ကြ။

http://www.dhammadownload.com

စာသင်တိုက်မှာ၊ ခန့်ညားစွာ၊ ရှည်ကြာတည်တံ့ရန်

စာသင်တိုက်၏အဓိက အမာခံအင်အား ဖြစ်သော ဦးဆောင်လမ်းညွှန် စာချဆရာတော်သည် -

(၁) ပရိယတ္တိစာပေကျမ်းဂန်ကို လမ်းမှန်အတိုင်း နှံ့စပ်ကျွမ်းကျင်တတ်မြောက်ရသည်။

(၂) အများအကျိုးကို တကယ်လိုလား၍ တပည့်များကို တတ်မြောက်ကျွမ်းကျင်စေလိုသော စေတနာအားကြီးရသည်။ တပည့်များထံမှ မည်သည့်ပစ္စည်းကိုမျှ မမျှော်လင့်မတောင့်တဘဲ တတ်မြောက်စေလိုသည့် စေတနာ မေတ္တာကိုသာ ထားတတ်ရသည်။

http://www.dhammadownload.com

(၃) မိမိတတ်ကျွမ်း နားလည်ထားသည့် ပရိယတ္တိအတတ်ပညာကို တပည့်များတတ်သိ နားလည်အောင် သင်ပြပေးလိုသော ဝါသနာ အထုံရှိရသည်။ အထူးစိတ်ပါဝင်စားရသည်။

(၄) ကိုယ်ကျိုးကိုစွန့်၍ သည်းခံခွင့်လွှတ် အနစ်နာခံနိုင်ရသည်။ ယူဘို့ထက် ပေးဘို့ကို သာ ဦးစားပေးရသည်။

လမ်းပြကောင်းသည့် စာချဆရာ ရတနာ ကောင်းဖြစ်ရန် အလွန်ခက်ခဲလှသည်။ စိတ် ကောင်းစာတတ်အကျင့်မြတ်သခင် စာချအရှင် များကို ရပါမူကား သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းခိုရသကဲ့သို့ ရှင်လူ ရဟန်း စိတ်အေးချမ်းစွာ မှီငြမ်းခိုလှုံခွင့်ရပေသည်။

http://www.dhammadownload.com

ကြီးကြပ်အုပ်ချုပ်ပေးရသည့် စာချဆရာတော်သည် တပည့်များ ကိုယ့်ဟာကိုယ်မထိန်းတတ်သေးသမျှ မတိမ်းစောင်းအောင် ထိန်းကျောင်းပေးရသည်။ တပည့်များ ကိုယ့်ဟာကိုယ် မတွန်းတတ်သေးသမျှ အချိန်မီပြီးအောင် နည်းမှန်လမ်းမှန် တွန်းပေးရသည်။ တပည့်များ ကိုယ့်ဟာကိုယ် မသုံးသပ် မဆုံးဖြတ်တတ်သေးသမျှ နည်းမှန်လမ်းမှန် သုံးသပ်ဆုံးဖြတ်တတ်အောင် မျက်ခြည်မပြတ် လမ်းညွှန်ပေးရသည်။ မေတ္တာလွှမ်းခြုံထားရသည်။ စည်းကမ်းဖြင့် အလှဆင်ပေးရသည်။ ပညာဖြင့် အဆင့်ဆင့် ဂုဏ်တင်ပေးရသည်။

စာသင်တိုက် ခန့်ညားထည်ဝါရည်ကြာ

http://www.dhammadownload.com

စွာ တည်တံ့နိုင်အောင် စာချဆရာတော်
အဆက်ဆက် မေတ္တာယှက်၍ အကွက်စေ့
အောင် ကြိုးကြပ်အုပ်ချုပ်ပေးကြရသည်။

ကွန်ဆာသယဆရာတော်ကြီးက သံတော်
ဆင့် ဆရာတော်ကြီးအား ကွန်ဆာသယကျောင်း
မြေကို ပေးအပ်လှူဒါန်းပြီးဖြစ်၍ သံတော်ဆင့်
ဆရာတော်ကြီးက တပည့်ဖြစ်သူ ဆရာတော်
အရှင်ဝါသဝါဘိဝံသအား လွှဲပြောင်းအပ်နှံပေး
အပ်ပြီးသောအခါ ကွန်ဆာသယကျောင်းမှ မဟာ
ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်အဖြစ်သို့ ရောက်ရှိ
သွားသည်။

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ဖြစ်လာ
သည့် ၁၃၂၀-ခု၊ ဝါဆိုလမှစ၍ ၁၃၄၁-ခု၊

http://www.dhammadownload.com

တော်သလင်းလထိ ၂၁-နှစ်ပတ်လုံး ဆရာတော် အရှင်ဝါသဝါဘိဝံသက စည်းကမ်းရှိရှိ စနစ်တကျ တင်းကြပ်စွာအုပ်ချုပ်တော်မူသည်။ ၁၃၃၉-ခုနှစ်မှစ၍ ဆရာတော်မှာ ကျန်းမာရေးမပြည့်စုံသဖြင့် အနီးကပ်ကြီးကြပ်သည့် အုပ်ချုပ်ရေးတာဝန်မှအနားယူ၍ သေခြင်းထက်တရားက လက်ဦးအောင် အထူးကြိုးစားတော်မူသည်။

၁၃၃၉-ခု၊ တန်ဆောင်မုန်းလ၌ ရှိသမျှ ပစ္စည်းအားလုံးစွန့်ကြဲ၍ ဆရာတော်ကိုယ်တိုင် ကထိန်အလှူပွဲကြီး ပြုလုပ်ပေးတော်မူ၏။ ထိုကထိန်အလှူပွဲ၌ပင် ဆရာတော်က တပည့်ကြီး(၂)ပါးဖြစ်သော အရှင်ကောဏ္ဍညနှင့်

http://www.dhammadownload.com

ဒွိပိဋကအရှင်သိရိနန္ဒာဘိဝံသ(ယောဆရာတော်)
တို့အား ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်ကို
လွှဲပြောင်းအပ်နှင်းပေးတော်မူလိုက်သည်။
နှုတ်ဖြင့် လမ်းညွှန်ရုံမျှသာပြု၍ တပည့်ကြီး
များကို အုပ်ချုပ်ခိုင်းတော်မူသည်။

၁၃၄၁-ခု၊ တော်သလင်းလပြည့်ကျော်
(၅)ရက် (၁၀-၉-၇၉)နေ့ သက်တော်(၇၁)၊
သိက္ခာတော်(၅၂)အရွယ်၌ ကျောင်းတိုက်တည်
ဆရာတော်ကြီး အရှင်ဝါသဝါဘိဝံသ ဘဝနတ်
ထံ ပျံလွန်တော်မူသည်။ စာပနအခမ်းအနား၌
မဟာစည်ဆရာတော်ကြီး ကိုယ်တော်တိုင်ကြွ
ရောက်၍ တရားချီးမြှင့်ပေးတော်မူသည်။
(ကွန်ဆာသယဆရာတော်ကြီးသည် ၁၃၃၇-ခု၊

http://www.dhammadownload.com

တပေါင်းလပြည့်ကျော် (၁၄)ရက် (၂၀-၃-၇၆) နေ့ သက်တော်(၉၅)၊ သီကျွာတော်(၇၆) အရွယ်၌လည်းကောင်း၊ သံတော်ဆင့်ဆရာတော်ကြီးသည် ၁၃၃၂-ခု၊ သီတင်းကျွတ်လဆန်း(၆)ရက်(၆-၁၀-၇၀)နေ့ သက်တော်(၉၁)၊ သီကျွာတော်(၇၂)အရွယ်၌လည်းကောင်း ဘဝနတ်ထံ ပျံလွန်တော်မူကြသည်။)

ကျောင်းတိုက်တည်ဆရာတော်ကြီး ပျံလွန်တော်မူပြီးချိန်မှစ၍ ပဓာနနာယကဆရာတော်အဖြစ် ဆရာတော်အရှင်ကောဏ္ဍညကလည်းကောင်း၊ ဒုတိယနာယကဆရာတော်အဖြစ် ဒွိပိဋကယောဆရာတော် အရှင်သိရိနန္ဒာဘိဝံသကလည်းကောင်း တာဝန်ယူ၍ စည်းကမ်း

http://www.dhammadownload.com

တင်းကြပ်စွာထားလျက် ဆက်လက်အုပ်ချုပ်တော်မူကြသည်။

တိုက်တည်ဆရာတော်ကြီး၏ သံမဏိစည်းကမ်းများကိုပင် အခြေခံ၍ ပရိသတ်ကို စီမံအုပ်ချုပ်ကာ အရိန်အဟုန်မပျက် ကြိုးစားအားထုတ် အလုပ်လုပ်လာခဲ့ရာ ကျောင်းတိုက်မှာ ပို၍ပင် အောင်မြင်တိုးတက်လာသည်။ ဦးမြငြိမ်း-ဒေါ်သိန်းရင်၊ ဒေါ်ထားကြည် စသော ကျောင်းဒကာ-ကျောင်းအမများနှင့် တကွ ပစ္စည်း ၄-ပါး လှူဒါန်း ထောက်ပံ့သူများလည်း ပိုမိုများပြားလာသည်။ ဝေယျာဝစ္စအဖွဲ့၏ စွမ်းဆောင်ချက်မှာလည်း အရိန်အဟုန်မပျက် ပို၍ပင် အားတက်သရောရှိလှသည်။ ပုဂ္ဂိုလ်

http://www.dhammadownload.com

နှင့်ကျောင်း အတွဲကောင်းနေသည်။

ဆရာတော် အရှင်ကောဏ္ဍညနှင့် တိပိဋကယောဆရာတော်တို့ (၁၈)နှစ်ပတ်လုံး အတူတွဲကာ အလုပ်လုပ်လာခဲ့ရာ ဆရာတော် အရှင်ကောဏ္ဍညသည် ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်ကို ကျပွန်စွာထမ်းဆောင်တော်မူ၍ ၁၃၅၉-ခု၊ ဝါခေါင်လပြည့်ကျော်(၈)ရက် (၂၆-၈-၉၇)နေ့ သက်တော်(၆၁)၊ သိက္ခာတော်(၄၁)အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆရာတော် အရှင်ကောဏ္ဍည ပျံလွန်တော်မူပြီးနောက် ၁၃၅၉-ခု၊ ဝါခေါင်လမှစ၍ ယနေ့ထိ တိပိဋကယောဆရာတော်က ပဓာန

http://www.dhammadownload.com

နာယကတာဝန်ကိုယူ၍ စာချဘုန်းကြီးများ နှင့်တွဲဖက်ကာ ဆက်လက်အုပ်ချုပ် အလုပ် လုပ်နေသည်။ တိုက်တည်ဆရာတော်ကြီး၏ သံမဏိစည်းကမ်းများကိုပင် အခြေခံထားသည် ဖြစ်၍ ကျောင်းတိုက်သည် အရိုန်အဟုန် မပျက် ပို၍ တိုးတက်စည်ကား အောင်မြင်နေ သည်။ အခြေခံကောင်းခဲ့သောကြောင့်ပင် ကျောင်းတိုက်မှာ ယိုင်လဲခြိုနဲ့မသွားဘဲ ပို၍ ကြံ့ခိုင်ဖွံ့ဖြိုးနေသည်။ အားပေးခြီးမြှောက်သူ လည်း အလွန်များပြားလာသည်။ လောက ပကာသနကို ဦးစားမပေးဘဲ ဓမ္မစွမ်းအား ကောင်းမှုတိုးပွားရေးကိုသာ အမြဲဦးစားပေး သဖြင့် ကျောင်းတိုက်ပရိသတ်ရော ခြီးမြှောက်

http://www.dhammadownload.com

သူအားလုံးပါ စိတ်ချမ်းသာကြရသည်။ ပုဂ္ဂိုလ်နှင့်ကျောင်း အတွဲမှန်နေသည်။

တိပိဋကယောဆရာတော်က ကျောင်းတိုက်ကို ပိုမို၍ စေ့စပ်သေချာစွာ အုပ်ချုပ်ထိန်းသိမ်းနိုင်ရန် ရည်သန်၍ ၁၃၆၅-ခု၊ ဝါဆိုလပြည့်နေ့၌ (၁) အရှင်သိရိကဉ္စန (အဂ္ဂမဟာအကျော်၊ ဝိနယကောဝိဒ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)အား တိုက်အုပ်ဘုန်းကြီးအဖြစ် လည်းကောင်း၊ (၂)အရှင်ဣန္ဒာက (အဂ္ဂမဟာအကျော်၊ ဒွိပိဋကဓရ၊ ပါဠိပါရဂူ) နှင့် (၃) အရှင်နန္ဒဝံသ (ဓမ္မာစရိယ)တို့အား တိုက်ကြပ်ဘုန်းကြီးအဖြစ်လည်းကောင်း တာဝန်ပေးထားလိုက်သည်။ မကြာမီ အရှင်ဣန္ဒက

http://www.dhammadownload.com

အားလည်း တိုက်အုပ်ဘုန်းကြီးတာဝန် တိုးမြှင့်ပေးထားလိုက်သည်။

၁၃၇၂-ခု၊ ဒုတိယဝါဆိုလပြည့်နေ့၌ အရှင်ဝဇိရပါဏီဘိဝံသ(သ-စ-အ-သ-ဓမ္မာစရိယ၊ ဝိယရ၊ ဥဘတော ဝိဘင်္ဂကောဝိဒ) အား တိုက်ကြပ်ဘုန်းကြီးအဖြစ် တာဝန်ပေးထားလိုက်သည်။



http://www.dhammadownload.com



၆။ ပရိယတ္တိအားထုတ်မှု

- အဆင့်မပါ၊ စာသင်ရာ၊ ကောင်းစွာ မတက်ကြွ။
- အဆင့်ပါငြား၊ စာသင်ကြား၊ စွမ်းအား လွန်တက်ကြွ။
- (၁) ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။

http://www.dhammadownload.com

(၂)။ အကြားမရှိ၊ စွမ်းအားပြည့်ရန်၊
စိတ်အားသန် မှန်မှန်ကြိုးစားရ။

(၃)။ ကာလရှည်ကြာ၊ ကြိုးစားကာ၊
လွန်စွာဇွဲရှိရ။

(၄)။ အလုပ်လေးစား၊ ရိုသေငြား၊
စွမ်းအားလွန် တက်ကြွ။

။ နည်းလမ်း ၄-သွယ်၊ ပညာကြွယ်၊
ခန့်ထည်(ထယ်)စွမ်းပြည့်ဝ။

ရှေးအခါက ပရိယတ္တိစာပေ လေ့လာသင်ကြားရာ၌ နည်းမှန်လမ်းမှန် တတ်မြောက်ကျွမ်းကျင်ရေးတစ်ခုတည်းသာ အဓိကထားသည်။ ကိုယ်ကိုယ်တိုင် နည်းမှန်လမ်းမှန် ကျင့်နိုင်ရေးနှင့် အများအတွက် နည်းမှန်လမ်း

http://www.dhammadownload.com

မှန်ဖြန့်ဝေပေးနိုင်ရေးသာ ပဓာနဖြစ်သည်။ နည်းမှန်လမ်းမှန် တတ်မြောက်ကျွမ်းကျင်ခြင်း သည်ပင် ရှေးခေတ် ပရိယတ္တိစာပေအဆင့် အတန်းဖြစ်သည်။

ယခုခေတ်၌ကား သဒ္ဒါ, ဝိရိယဓာတ်များ ရှေးကထက် တစ်စတစ်စလျော့ပါးလာပြီ ဖြစ်၍ အဆင့်အတန်းမပါဘဲ တတ်မြောက် ကျွမ်းကျင်ရုံတစ်ခုတည်းမျှဖြင့် သင်ယူလိုမှု အားနည်းလာကြသည်။ အဆင့်အတန်း မပါလျှင် ရှေးကလောက်မတက်ကြွကြ၊ အဆင့်အတန်း ပါမှသာ သင်ယူလိုကြသည်။ တက်ကြွနိုးကြား၍ ကြိုးစားလိုစိတ်ရှိကြသည်။ သို့ဖြစ်၍ စာမေးပွဲစနစ်ဖြင့် အဆင့်အတန်း သတ်မှတ်

http://www.dhammadownload.com

ကာ လေ့လာသင်ယူနိုင်အောင် စီမံပေးကြရသည်။

မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၌လည်း ခေတ်ကာလအလျောက် စာမေးပွဲစနစ်ဖြင့်ပင် အဆင့်အတန်းသတ်မှတ်၍ သင်ပြပို့ချပေးနေရသည်။

(က) တိပိဋက သာသနာ့အာဇာနည်များ ပေါ်ထွန်းရေး၊

(ခ) သက္ကသီဟ စေတိယင်္ဂဏအောင် အဘိဝံသပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်ရေး၊

(ဂ) ပထမပြိန် ဓမ္မာစရိယ အဆင့်ဆင့်အောင်မြင်ရေး၊

(ဃ) အလင်္ကာရဘွဲ့ရ သာမဏေကျော်ပုဂ္ဂိုလ်

http://www.dhammadownload.com

ချွန်များ ပေါ်ထွန်းရေးအတွက် စီမံကိန်း ချပြီး အားထုတ်နေပါသည်။

တိပိဋကနှင့် သက္ကသီဟစေတီယင်္ဂဏ စာမေးပွဲများကို ဓမ္မာစရိယဘွဲ့ရပြီးမှသာ ဖြေဆို ခွင့်ပေး၍ သာမဏေကျော်စာမေးပွဲကို ပထမ လတ်တန်း အောင်မြင်ပြီးမှသာ ဖြေဆိုခွင့်ပေး ပါသည်။

အဆင့်အတန်းအလိုက် စာမေးပွဲဖြေဆို မည်ဆိုလျှင် -

(၁) အတန်းလိုက် ပြဋ္ဌာန်းထားသည့် ကျမ်းစာများကို အကုန်နှံ့စပ်ကျွမ်းကျင်အောင် သင်ယူလေ့ကျင့်ရသည်။

(၂) ရှေ့အသိက နောက်အသိအား

http://www.dhammadownload.com

ကျေးဇူးပြုအောင် အဆင့်ဆင့် ကျွမ်းကျင်အောင် အကြားမရှိ အဆက်မပြတ် မရပ်မနားမှန်မှန် ကြိုးစားရသည်။

(၃) သတ်မှတ်ချိန်မရောက်မချင်း ငွေရှိရှိစွဲစွဲမြဲမြဲ ကြိုးစားရသည်။

(၄) ကိုယ်လုပ်မည့်အလုပ်ကို စိတ်ပါလက်ပါ လေးလေးစားစား လုပ်ရသည်။

နည်းလမ်း(၄)သွယ်ဖြင့် ကြိုးစားမှ ရည်မှန်းချက် ပန်းတိုင်သို့ ကောင်းစွာရောက်နိုင်မည် ဖြစ်သည်။

မဟာဝိသုဒ္ဓါရုံဠ် ဓမ္မာစရိယဘွဲ့ရလာလျှင် စာချဘုန်းကြီးတာဝန်ပေးအပ်၍ စာပေသင်ပြပို့ချပေးစေသည်။ စာပေသင်ပြပို့ချခြင်းသည်

http://www.dhammadownload.com

စာသင်သား နားလည်အောင်ပြောပြပေးနိုင်ရန် စေ့စေ့စပ်စပ် အထူးလေ့ကျင့်ရသည်ဖြစ်၍ စာသင်ယူစဉ်ကထက်ပိုပြီး တတ်မြောက်ကျွမ်းကျင်စေပါသည်။

စာသင်သားများ စည်းကမ်းတကျ စာကျက် စာအံ စာပြန်နိုင်ရန် စာချဉ်းကပ်မှုများ အလှည့်ကျ စောင့်ကြပ်ပေးကြရသည်။ စာချလျှင်လည်း စာလိုက်သည့် စာသင်သားစာရင်းကို သေချာစွာစစ်၍ ဥပသ်နေ့တိုင်း စာရင်းကို ဆရာတော်ထံ တင်ပြရသည်။ ခွင့်မပန်ဘဲ အကြောင်းမဲ့ စာဝါပျက်လျှင်ဖြစ်စေ, စာကျက်, စာအံ, စာပြန်ပျက်ကွက်လျှင်ဖြစ်စေ, ထိုပျက်ကွက်သော စာသင်သားကို ကျောင်းတိုက်မှ

http://www.dhammadownload.com

ချက်ချင်းနှင်ထုတ်သည်။

သူ့နေရာ ကိုယ့်နေရာ၌ စာအံ, စာကျက် စာပြန်ခွင့်မပေးဘဲ စာအံကျောင်း၌သာ စုပေါင်း၍ ကျက်,အံ,ပြန်,ကြည့်စေသည်။ နံနက် ၄နာရီ ၁၅ မှ ည ၁၀-နာရီ ၄၅ ထိ တစ်နေ့လုံး အချိန်ဖြင့်ပိုင်းခြား၍ ကြိုးစားနိုင်အောင် စီမံပေးထားသည်။ ပညာတကယ်လိုချင်သူ အတွက် အမြဲလမ်းခင်းထားသည်။ စာဝါ မပြည့်စုံ၍ စာမလုပ်ရ၍ အားငယ်စရာလုံးဝ မရှိစေရ၊ စာသင်သားများ၏ အရည်အချင်းကို စာချဘုန်းကြီးများက တာဝန်ခွဲဝေယူ၍ စစ်ဆေးပေးကြသည်။ တော်သူကိုခီးမြှောက်၍ သတ်မှတ်ချက်အရည်အချင်း မပြည့်ဝသည့်

http://www.dhammadownload.com

ညံ့ဖျင်းသူကို ပြစ်ဒဏ်ပေးသည်။

သာမဏေကျော်တန်းစာဝါကို နှစ်စဉ် တပို့တွဲလပြည့်ကျော်၌ စတင်ပို့ချ၍ ပထမပြန် နှင့်ဓမ္မာစရိယတန်း စာဝါများကို ကဆုန်လပြည့်ကျော်၌ စတင်ပို့ချပေးပါသည်။ စာကြိုးစားချိန် ပိုမိုရရှိစေရန် သံဃာများကို နေ့ဆွမ်းဆွမ်းခံမထွက်စေဘဲ ကျောင်းတိုက်မှ ပြည့်စုံလုံလောက်အောင် စီမံပေးသည်။ အရဏ်ဆွမ်းအတွက်လည်း တစ်ပတ်လျှင်(၅)ရက်သာရပ်ကွက်အလှည့်ကျ စီတန်းကြွစေ၍ ကျန်ရက်များ၌ ကျောင်းတိုက်မှပင် စီမံပေးသည်။ စီမံနိုင်အောင်လည်း သဒ္ဓါ, မေတ္တာ, ပညာကောင်းကြသည့် ဒကာ-ဒကာမအလှူရှင်

http://www.dhammadownload.com

များက ပစ္စည်း(၄)ပါး ပြည့်စုံလောက်အောင် အမြဲမပြတ် လှူဒါန်းကြ၍ ကျောင်းတိုက် အတွက် ပဒေသာပင်ကိုလည်း မြောက်မြား စွာ စိုက်ထူလှူဒါန်းပေးကြပါသည်။

စာသင်သားများအတွက် အတန်းလိုက် ပြဋ္ဌာန်းထားသည့် စာအုပ်စာတမ်းများ ပြည့် စုံလုံလောက်အောင် ကျောင်းတိုက်မှပင် အားလုံး အခမဲ့ဝေငှစီမံပေးပါသည်။ ကိုယ်ဟာ ကိုယ် စာအုပ်ရှာကြံစီမံစရာမလိုပါ။ တစ်တိုက် လုံး ဖတ်ရှုလေ့လာနိုင်အောင်လည်း သံဃိက စာအုပ်မျိုးစုံ အလုံအလောက် စီစဉ်ထားရှိပါ သည်။ နယ်သို့ စာဖြေကြွသွားလျှင် ကျောင်း တိုက်မှ စရိတ်အားလုံး တာဝန်ယူစီမံပေး၍

http://www.dhammadownload.com

စာမေးပွဲအောင်ပုဂ္ဂိုလ်များအား တစ်နှစ်လျှင် (၃)ကြိမ် ချီးကျူးပူဇော်ပွဲ ကျင်းပပြုလုပ်ပေးသည်။

ကျောင်းတိုက်အစမ်းစာမေးပွဲကအစ ပရိယတ္တိဆိုင်ရာမည်သည့်စာမေးပွဲမဆို အောင်မြင်တိုင်း အောင်မြင်တိုင်း တိပိဋကယောဆရာတော်က သီးခြားဆုချီးမြှင့်ပေးပါသည်။ ဤကျောင်းတိုက်၌ စားဝတ်နေရေး, ကျန်းမာရေးအတွက် အားလုံး တာဝန်ယူထားပါသည်။ စည်းကမ်းကိုကား အမြဲ တင်းကြပ်ထားပါသည်။

❀❀❀

http://www.dhammadownload.com



၇။ တိုက်အတွင်း စာမေးပွဲများကျင်းပပေးမှု

- ပွဲမဝင်ခင်၊ မပြင်ဆင်၊ ကြိုတင် မစမ်းက။
- ပွဲဝင်သောခါ၊ မသေချာ၊ ချော်ကာ ကျရုံးရ။
- ကြိုတင်စမ်းငြား၊ လေ့ကျင့်ထား၊ မမှား အောင်မြင်ကြ။

http://www.dhammadownload.com

သင်ကြားလေ့လာထားသမျှ စာပေများကို မစမ်းသပ်ဘဲထားလျှင် တကယ့်စာမေးပွဲကြီးဝင်သောအခါ မသေမချာ လွဲချော်ကာ ကျရှုံးသွားတတ်သည်။ ပွဲမဝင်မီသေချာအောင် ကြိုတင်လေ့ကျင့်စမ်းသပ်ထားမှ ပွဲဝင်သောအခါ အလေ့အကျင့်အထုံရနေ၍ မေးခွန်းကို မမှားအောင် ဖြေဆိုနိုင်ပြီး ကောန်အောင်မြင်မည်ဖြစ်သည်။ စာမေးပွဲဟူသည် စာများများရထားတိုင်း အောင်မြင်နိုင်သည်မဟုတ်ဘဲ အမေးနှင့်အဖြေ အံဝင်ခွင်ကျအောင် ကြိုတင်လေ့ကျင့်ထားမှ အောင်မြင်နိုင်သည့်အရာဖြစ်သည်။

မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ရွှေကျင်

http://www.dhammadownload.com

တိုက်သစ်၌ ဝါတွင်းဝါပဥပုသ်နေ့တိုင်း စာမေးပွဲကျင်းပ၍ ပရိယတ္တိစာပေ အရည်အချင်းကို စမ်းသပ်စစ်ဆေးပေးသည်။ စာချဘုန်းကြီးများက အတန်းအလိုက် ဘာသာရပ်အလိုက် ခွဲဝေ၍ စစ်ဆေးပေးကြရသည်။ လဆန်း(၈)ရက်, လဆုတ်(၈)ရက်နေ့များ၌ သင်ကြားလေ့ကျက်ဆည်းပူးပြီးသမျှ သဘောအဓိပ္ပါယ်ကို ရေးသားဖြေဆိုကြရသည်။

အောင်မှတ်ကို ဓမ္မာစရိယတန်း၌ (၇၀) ရာနှုန်း, ပထမပြန်နှင့် သာမဏေကျော်တန်း၌ (၅၀)ရာခိုင်နှုန်း သတ်မှတ်ထားသည်။ (၅)မှတ် အောက်ကျရုံးလျှင် ဒဏ်(၁)ရက်, (၅)မှတ် အထက် (၁၀)မှတ်အောက်ကျရုံးလျှင် ဒဏ်

http://www.dhammadownload.com

(၂)ရက်, (၁၀)မှတ်အထက် ကျရုံးလျှင် ဒဏ် (၃)ရက် ထမ်းကြရသည်။ အကြောင်းမဲ့ စာမဖြေလျှင် ကျောင်းတိုက်မှ နှင်ထုတ်ခံရသည်။

လပြည့်လကွယ်နေ့တိုင်း (၂)ပတ်အတွင်း ကျက်ထားပြီးသမျှ အာဂုံကျမ်းစာများကို စစ်ဆေးပေးသည်။ ကျက်မှတ်ထားပြီးသည့် အာဂုံအဟောင်းများကိုလည်း မမေ့ပျောက်ရအောင် ပြန်၍ စစ်ဆေးပေးသည်။ ယခင်က စာချဘုန်းကြီးများထံ၌ အာဂုံပြန်ဆိုပြကြရသည်။ တစ်လုံးတည်းမရလျှင်ပင် "မရ" ဟု သတ်မှတ်သည်။ ၂-မျိုး ၃-မျိုးပေါင်း၍ အပြန်ခိုင်းသည်ဖြစ်ရာ ၁-မျိုးမရလျှင် ဒဏ် ၂-ရက်စီ ထမ်းရသည်။

http://www.dhammadownload.com

နောက်ပိုင်း၌ နှုတ်ဖြင့်အာဂုံပြန်ခိုင်းလျှင် စာရ, မရ မပီပြင်လှသဖြင့် လက်ဖြင့် အရေး ခိုင်း၍ဖြေဆိုစေသည်။ အောင်မှတ်ကို အတန်း တိုင်း(၉၀%)သတ်မှတ်သည်။ ဒဏ်ထမ်းရက် ကို သဘောရေးဖြေအတိုင်းပင် သတ်မှတ် သည်။

အတန်းတင်စာမေးပွဲကြီး နီးလာသော အခါ ဓမ္မာစရိယတန်း, ပါဠိပထမပြန်, သာ မဏေကျော်တန်းများအတွက် ဘာသာစုံ အစမ်းစာမေးပွဲကြီး ကျင်းပစစ်ဆေးပေးသည်။ အရည်အချင်းမီအောင် ဖြေဆိုနိုင်မှ အတန်း တင်စာမေးပွဲကို ဖြေဆိုခွင့်ပေးသည်။

၂-နှစ်အတွင်း ဓမ္မာစရိယတန်း ၁-ကျမ်း

http://www.dhammadownload.com

မှ မစွဲလျှင်, ၂-နှစ်အတွင်း ပထမကြီးတန်း ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်း မအောင်မြင်လျှင် ကျောင်းတိုက်မှ ထွက်ခွာပေးရသည်။ အရည်အချင်းမမီ၍ ဖြေဆိုခွင့် မရလျှင်လည်း ကျရှုံးသည်ဟုပင် သတ်မှတ်သည်။



http://www.dhammadownload.com



၈။ ထူးချွန်ပုဂ္ဂိုလ်များ ပေါ်ထွက်မှု

- နွားမွေးပမာ၊ များလှစွာ၊
  ပညာသင်ကြသည်။
- ထူးချွန်သူကား၊ ဦးချို့လား၊
  ရှားပါးလှချေသည်။
- ပညာရှာတောင်း၊ လူအပေါင်း၊
  အကြောင်းညီခဲသည်။

http://www.dhammadownload.com

- **ကံ-ဉာဏ်-ဆန္ဒ၊ လုံ့လ-ကျန်းမာ၊ ဆရာအားပေး၊ ကြောင်းညီရေး၊ မနေးလိုအပ်သည်။**
- **စိတ်နိုင်သလောက်၊ စွမ်းအားရောက်၊ ထွန်းတောက်အာဇာနည်။**

ပညာရေးလောကဌ် "စာသင် နွားမွေး, စာတတ် နွားဦးချို" ဟု ဆိုရိုးစကားရှိသည်။ နွားတစ်ကောင်ဌ အမွေးများစွာရှိသော်လည်း ဦးချို့ကား နှစ်ချောင်းတည်းသာရှိသည်။ ထို့အတူ ပညာသင်ကြားသူများ နွားမွေးလောက်များပြားကြသော်လည်း တကယ်ထူးချွန်ပေါက်ရောက်တတ်မြောက်သူကား နွားဦးချို့အလား အလွန်ရှားပါး နည်းပါးလှချေသည်။

http://www.dhammadownload.com

ပညာသင်ကြားရာ၌ အကြောင်းညီရန် ခက်ခဲလှသည်။ အကြောင်းလုံလောက် ပြည့်စုံမှ နွားချိုပမာ ထူးချွန်သူများ ဖြစ်နိုင်ခွင့်ရကြသည်။

(၁)အတိတ်ကုသိုလ်ကံကောင်းပါ လာရသည်။

(၂) ဆိုင်ရာ အတတ်နှင့်ထိုက်တန်သော ထက်မြက်ထူးချွန်သော ကံအရင်းခံသည့် (ကံနှင့်တွဲပါလာသည့်) ဉာဏ်လည်း ရှိရသည်။

(၃) တတ်မြောက်ကျွမ်းကျင် လိုချင်လှသည့်ဆန္ဒကောင်းလည်း ထက်သန်စွာ ထားရှိရသည်။

(၄) ရည်မှန်းချက် ပန်းတိုင်အရောက်

http://www.dhammadownload.com

ပို့ဆောင်ပေးနိုင်သော နိုးကြားတက်ကြွ ထက်သန်သော ဝီရိယကိုလည်း စိုက်ထုတ်ရသည်။ စွဲစွဲမြဲမြဲ သဲသဲ မဲမဲအားခဲ၍ ကြိုးစားနိုင်သော ဇွဲလုံ့လကို အထူးလိုအပ်သည်။

(၅) မိမိခန္ဓာကို လိုသလို သုံးနိုင်ရန် ကျန်းမာရေး ပြည့်စုံလုံလောက်ဖို့လည်း လိုသည်။ ပြည့်စုံအောင်လည်း အသိဉာဏ်ယှဉ်၍ စောင့်ရှောက်ပေးရသည်။

(၆) မတိမ်းစောင်းအောင် ထိန်းကျောင်း၍ ကြီးကြပ်အုပ်ချုပ်ပေးတတ်သော ဆရာသမားကောင်း, လိုအပ်သည့်အတတ်ပညာ ပြည့်စုံအောင် သင်ပြပို့ချ လမ်းညွှန်ပေးတတ်သော ဆရာသမားကောင်းနှင့် တွေ့ဆုံရဖို့

http://www.dhammadownload.com

လည်း အထူးလိုအပ်သည်။ အတိတ်ကံ ကောင်းမှုလည်း နေရာကောင်းသို့ ရောက်နိုင်၍ ဆရာကောင်းနှင့်တွေ့နိုင်မည် ဖြစ်သည်။

(၇) သဒ္ဓါ, မေတ္တာ, ပညာ အားကောင်းသည့် စေတနာရှင်များ၏ ပစ္စည်း(၄)ပါး လုံလောက်အောင် ခိုးမြှောက်အားပေးမှုကိုလည်း ရရှိဖို့ လိုအပ်သည်။

ဤအကြောင်းများနှင့် ညီညွတ်ပြည့်စုံမှ ထူးချွန်နိုင်ကြသည်။ စိတ်နိုင်သလောက်သာ စွမ်းအားရောက်၍ ထွန်းတောက်မြင့်မားနိုင်ကြသည်။

(၁) အရှင်သုမင်္ဂလာလင်္ကာရ (တိပိဋက မဟာဂန္ဓာရုံဆရာတော်)နှင့် အရှင်သိရိန္ဒာ

http://www.dhammadownload.com

ဘိဝံသ (တိပိဋကယောဆရာတော်) နှစ်ပါးတို့သည် ဤမဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှာနေ၍ တိပိဋကရွေးချယ်ရေး စာမေးပွဲကြီး၌ သင်ရိုးပိဋက(၃)ပုံ အလုံးစုံကို အာဂုံ ရေးဖြေပြီးဆုံးအောင်မြင်တော်မူကြ၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ရရှိခဲ့ကြပါသည်။

(၂) အရှင်ကိတ္တိသာရသည် ပိဋက-၂ပုံခွဲ အာဂုံရေးဖြေကိုလည်းကောင်း၊

(၃) အရှင်ဣန္ဒက(ပဲခူး)၊ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ၊ အရှင်သိရိကဉ္စနာဘိဝံသတို့သည် ဝိနယဓရ ဝိနယကောဝိဒဘွဲ့နှင့် ဒီဃဘာဏကဘွဲ့. ဒွိပိဋကဓရဘွဲ့ကိုလည်းကောင်း၊

(၄) အရှင်ဣန္ဒက(အုန်းတော)နှင့် အရှင်ဇောတိက (ဒေါပုံ)တို့သည် ဒီဃဘာဏက

http://www.dhammadownload.com

ဒီယနိကာယကောဝိဒဘွဲ့ကိုလည်းကောင်း၊

(၅) အရှင်ဣန္ဒောဘာသသည် ဝိနယဓရ ဝိနယကောဝိဒဘွဲ့ကိုလည်းကောင်း၊

(၆) အရှင်ခေမာစာရသည် ဒီဃဘာဏကဘွဲ့ကိုလည်းကောင်း၊

(၇) အရှင်သောဘိတာလင်္ကာရ၊ အရှင်ခေမိကာလင်္ကာရနှင့် အရှင်ဝဇိရပါဏိလင်္ကာရာဘိဝံသတို့သည် ဝိနယဓရ ဥဘတော ဝိဘင်္ဂကောဝိဒဘွဲ့ကိုလည်းကောင်း၊

(၈) အရှင်ပဏ္ဍိတဝံသ၊ အရှင်ပညာဝံသ၊ အရှင်ဩသဓ၊ အရှင်ကာရသိရိနှင့် အရှင်တေဇိန္ဒ(ရမည်းသင်း)၊ အရှင်ပညာသီဟာလင်္ကာရ၊ အရှင်ဇာနေယျာလင်္ကာရ (ကျောက်တန်း) အရှင်ဉာဏိသာရာလင်္ကာရ တို့သည်

http://www.dhammadownload.com

ဝိနယဓရဘွဲ့ကိုလည်းကောင်း၊

(၉) အရှင်သုမင်္ဂလသာမိစသော(၃၁)ပါး တို့သည် ဥဘတောဝိဘင်္ဂဓရဘွဲ့ကိုလည်း ကောင်း အောင်မြင်ရရှိခဲ့ကြပါသည်။

အရှင်ကုသလာဘိဝံသနှင့် အရှင်ပဏ္ဍာဝံသာဘိဝံသ ညီနောင်(၂)ပါး၊ အရှင်သိရိန္ဒာဘိဝံသ၊ အရှင်ဉာဏာလင်္ကာရာဘိဝံသ၊ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ၊ အရှင်ဝဇိရပါဏိလင်္ကာရာဘိဝံသတို့သည် မန္တလေးသက္ကသီဟစာသင်တန်း, စာချတန်းကို အောင်မြင်ကြသဖြင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ကြသည်။ အရှင်သိရိန္ဒာဘိဝံသသည် စာသင်တန်း စာချတန်း(၂)ဆင့်လုံး ပထမချည်းသာရခဲ့သည်။ စာချတန်းကို (၂)နှစ်သာ ဖြေရ

http://www.dhammadownload.com

သည်။ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသသည် စာသင်တန်း၌ ပထမ, စာချတန်း၌ ဒုတိယရခဲ့သည်။ အရှင်ဝဇိရပါဏီလင်္ကာရာဘိဝံသသည် စာသင်တန်း၌ တတိယ, စာချတန်း၌ ဒုတိယရခဲ့သည်။ အရှင်နိဿကရ(ဒုတိယ)၊ အရှင်ဇဝနာလင်္ကာရ(တတိယ)နှင့် အရှင်မုနိန္ဒာလင်္ကာရတို့သည် ၄င်းစာမေးပွဲ စာသင်တန်းကို အောင်မြင်ထားကြသည်။

အရှင်သိရိန္ဒာဘိဝံသ၊ အရှင်ဉာဏာလင်္ကာရာဘိဝံသ၊ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသတို့သည် ရန်ကုန်စေတီယင်္ကဏစာသင်တန်း, စာချတန်းကိုအောင်မြင်ကြသဖြင့် စေတီယင်္ကဏပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့ကို ရရှိခဲ့ကြသည်။ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ

http://www.dhammadownload.com

သည် စာသင်တန်း၌ ပထမရခဲ့သည်။ အရှင်ဝဇီရပါဏီလင်္ကာရာဘိဝံသ၊ အရှင်နိသာကရာဘိဝံသ၊ အရှင်ဇဝနာလင်္ကာရာဘိဝံသ၊ အရှင်ဥက္ကဋ္ဌာဘိဝံသ၊ အရှင်မုနိန္ဒာလင်္ကာရာဘိဝံသ (ပထမ)၊ အရှင်ရာဇဓမ္မာလင်္ကာရာဘိဝံသ (ဒုတိယ) စသော(၁၅)ပါးတို့သည် ၄င်းစာမေးပွဲစာသင်တန်းကို အောင်မြင်ထားကြသည်။

မြင်းခြံ သဒ္ဓမ္မပါလစာမေးပွဲ၌ အရှင်ဝဇီရပါဏီလင်္ကာရာဘိဝံသသည် စာသင်တန်းနှင့် စာချတန်း (ပထမ)အောင်မြင်သဖြင့် ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယဘွဲ့ကို ရရှိသည်။ အရှင်ဇဝနာလင်္ကာရာဘိဝံသသည် ၄င်းစာသင်တန်း (ပထမ)နှင့်စာချတန်း တစ်နှစ်တည်း ၃-ကျမ်းပြီးသဖြင့် ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ ဝဋ်

http://www.dhammadownload.com

သကာဘွဲ့ကို ရရှိသည်။ မုံရွာစာသင်တန်း (ပထမ)ကိုလည်း အောင်မြင်သည်။

အရှင်ဥက္ကဋ္ဌာဘိဝံသ(တတိယ)၊ အရှင်တေဇောဘာသာလင်္ကာရ(ပထမ)၊ အရှင်ရာဇဓမ္မာလင်္ကာရ(တတိယ)တို့သည် မုံရွာစာသင်တန်းကို အောင်မြင်သည်။

အရှင်ဥက္ကဋ္ဌ၊ အရှင်ရာဇဓမ္မာလင်္ကာရ၊ အရှင်တေဇောဘာသာလင်္ကာရတို့သည် မြင်းခြံစာသင်တန်းကို အောင်မြင်သည်။

အရှင်သိရိကဉ္စနသည် သထုံပိဋကတ္တယပါရဂူဘွဲ့ကို အောင်မြင်ရရှိခဲ့သည်။

နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ၌ တစ်နိုင်ငံလုံး အမှတ်အများဆုံးရသဖြင့် အဂ္ဂမဟာအကျော်ဘွဲ့ထူးကို အရှင်သိရိနန္ဒာဘိဝံသ၊

http://www.dhammadownload.com

အရှင်သုဘောဂသာရ၊ အရှင်ဣန္ဒက၊ အရှင်သိရီကဉ္စန နှင့် အရှင်တေဇိန္ဒ(၅)ပါးတို့က ထူးချွန်စွာ အောင်မြင်ရရှိခဲ့ကြသည်။

ဓမ္မာစရိယစာမေးပွဲ၌ ဒုတိယဆုကို အရှင်သာမိက၊ အရှင်ဇဝန၊ အရှင်ဝါယာမ၊ အရှင်ပညာသီဟာလင်္ကာရ(၄)ပါးတို့ကလည်းကောင်း၊ တတိယဆုကို အရှင်အာဒိစ္စာလင်္ကာရ ကလည်းကောင်း ဆွတ်ခူးအောင်မြင်ရရှိခဲ့ကြသည်။ ၁၃၇၃-ခုနှစ်ထိ ဓမ္မာစရိယကျမ်းပြီး (၁၄၉)ပါး ရှိပြီဖြစ်သည်။

အစိုးရပါဠိပထမပြန်စာမေးပွဲ၌ အရှင်စန္ဒာလင်္ကာရ(ပထမကျော်)၊ အရှင်ဇဝနာလင်္ကာရ (ငယ်-တိုင်းတတိယနှင့် တစ်နိုင်ငံလုံး တတိယ၊ လတ်-တိုင်းပထမ၊ ကြီး-တိုင်း

http://www.dhammadownload.com

ပထမနှင့် တစ်နိုင်ငံလုံး ပထမ=ပထမကျော်)၊ အရှင်ဇနိန္ဒ(ပထမကျော်အောက် ဒုတိယ)၊ ရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ (လတ်-တိုင်းပထမနှင့် တစ်နိုင်ငံလုံးပထမ)၊ ကြီး-တိုင်းဒုတိယနှင့် တစ်နိုင်ငံလုံးဒုတိယ၊ ရှင်မနောဟရ(လတ်-ဒုတိယနှင့် ငယ်-တတိယ)၊ ရှင်အာလောက (ငယ်-တိုင်းဒုတိယ)၊ ရှင်သုန္ဒရ(မူ-တိုင်းတတိယ)၊ ရှင်ပညောဘာသ(လတ်-တိုင်းပထမ)၊ကျောက်တန်း အရှင်ဇာနေယျာလင်္ကာရ(လတ်-တိုင်းဒုတိယ)၊ အရှင်ဥက္ကဋ္ဌ(လတ်-တိုင်း တတိယနှင့် တစ်နိုင်ငံလုံးဒုတိယ၊ ကြီး-တိုင်းတတိယ)၊ ရှင်မဏ္ဍူသကာလင်္ကာရ(လတ်- တိုင်းတတိယ)၊ အရှင်အာလောကာလင်္ကာရ(ကြီး-တိုင်း တတိယ)၊

http://www.dhammadownload.com

ရှင်ပညာဝံသ (ငယ်-တိုင်းဒုတိယ)၊ မြောင်ရှင်ရေဝတ(ငယ်-တိုင်းတတိယ)၊ ရှင်တေဇောဘာသာလင်္ကာရ(လတ်-တိုင်းတတိယနှင့် တစ်နိုင်ငံလုံး တတိယ)၊ (ကြီး-တိုင်းပထမနှင့် တစ်နိုင်ငံလုံး တတိယ)၊ ရှင်ဇနက(ငယ်-တိုင်းပထမနှင့် တစ်နိုင်ငံလုံး တတိယ)၊ ရှင်စန္ဒိမာလင်္ကာရ (ကြီး-တိုင်းဒုတိယ)၊ အရှင်ကုဏ္ဍာလင်္ကာရ(ကြီး-တိုင်း တတိယ)၊ ရှင်ဝရဉာဏ(လတ်-တိုင်းပထမနှင့် တစ်နိုင်ငံလုံး ဒုတိယ)၊ သာစည် ရှင်အာစာရ (ငယ်-တိုင်းတတိယ)၊ အရှင်သီလာနန္ဒာလင်္ကာရ(လတ်-တိုင်းပထမ)၊ ရှင်ပညာဝံသ(ငယ်-တိုင်းပထမ)၊ ရှင်ဝါယာမ(ငယ်-တိုင်းတတိယ)၊ ရှင်သီလဝံသာလင်္ကာရ

http://www.dhammadownload.com

(ကြီး-တိုင်းတတိယ)၊ အရှင်အနောမညာဏာ လင်္ကာရ (လတ်-တိုင်းဒုတိယ)၊ ရှင်သြသဓ(ငယ်-တိုင်း ပထမ)ရှင်ကုသလ (ငယ်-တိုင်းပထမ)၊ အရှင်နေမိန္ဒာလင်္ကာရ(ကြီး-တိုင်းဒုတိယ)၊ ရှင်ကစ္စာယန(လတ်-တိုင်း ပထမ)၊ ရှင်ဇဝန(ဖြူး)(လတ်-တိုင်းဒုတိယ)၊ ရှင်ကုသလ(သရက်ချောင်း)(လတ်-တိုင်းတတိယ)၊ ရှင်ဉာဏဝံသ (မြန်အောင်) (ငယ်-တိုင်းတတိယ) တို့သည် အသီးသီး ထူးချွန်စွာ အောင်မြင်ကြပါသည်။

အစိုးရနိကာယ်စာမေးပွဲ၌ အရှင်နေမိန္ဒာလင်္ကာရာဘိဝံသ (ဝိနယမဟာဝိဒူ-ပထမ)၊ အရှင်ဝဇိရပါဏိလင်္ကာရာဘိဝံသ(ဝိနယမဟာဝိဒူ) မုံးကိုး အရှင်ဇာနေယျာလင်္ကာရ (အင်္ဂုတ္တရ

http://www.dhammadownload.com

နိကာယဝိဒူ-ပထမနှင့် အဘိဓမ္မာဝိဒူ-ပထမ)၊ ရှင်ဥယျဓမ္မာလင်္ကာရ(အင်္ဂုတ္တရနိကာယဝိဒူ-တတိယ)၊ ရှင်ရာဇဓမ္မာလင်္ကာရ(အင်္ဂုတ္တရနိကာယဝိဒူ-တတိယ)၊ ရှင်ပညာသီဟာလင်္ကာရ(ဝိနယဝိဒူ-ပထမ)၊ အရှင်သုခိန္ဒြိဟာလင်္ကာရ(အဘိဓမ္မဝိဒူ-တတိယ)၊ ရှင်အရိယာလင်္ကာရ(အင်္ဂုတ္တရနိကာယဝိဒူ-ဒုတိယ)၊ အရှင်စန္ဒိမာလင်္ကာရ(အဘိဓမ္မဝိဒူ-ပထမ)၊ ရှင်ပညာဝံသာလင်္ကာရ(အင်္ဂုတ္တရနိကာယဝိဒူ-တတိယ) အရှင်ပညာနန္ဒာလင်္ကာရ(အဘိဓမ္မဝိဒူ-ပထမ)၊ အရှင်သုဒဿနာလင်္ကာရ (အင်္ဂုတ္တရနိကာယဝိဒူ-ဒုတိယ)၊ ရှင်အဂ္ဂညာဏ(ပျော်တွယ်) (ဝိနယဝိဒူ-ပထမ)တို့သည် အသီးသီး ထူးချွန်စွာ

http://www.dhammadownload.com

အောင်မြင်ကြပါသည်။

အရှင်သုမင်္ဂလာလင်္ကာရ၊ အရှင်သီရိန္ဒာဘိဝံသ၊ အရှင်ကိတ္တိသာရ၊ အရှင်ဣန္ဒက၊ အရှင်သီရိကဉ္စန၊ အရှင်ခေမိကာလင်္ကာရ နှင့် အရှင်ဝဇိရပါဏိလင်္ကာရာဘိဝံသ (၇)ပါးတို့သည် "ပါဋိပါရဂူ" ဘွဲ့ကို အောင်မြင်ရရှိကြသည်။

သာမဏေကျော်ဘွဲ့ရ (မန္တလေး သာမဏေကျော်ပထမရ ရှင်ဇဝနာလင်္ကာရ၊ ရှင်စန္ဒောဘာသာလင်္ကာရနှင့်တကွ ပ-ဒ-တ သာမဏေကျော်များ အပါအဝင်) (၅၉)ပါး၊

ဝိနယပါရဂူဘွဲ့ရ(ပထမရ အရှင်ဉာဏိသာရာလင်္ကာရနှင့်တကွ ပ-ဒ-တများ အပါအဝင်) (၉)ပါး။

http://www.dhammadownload.com

သထုံ ပရိယတ္တိသာသနာ့ဟိတ (ပ-ဒ-တ ဂုဏ်ထူးရများအပါအဝင်) ပထမစာချ ၃-ပါး၊ ဒုတိယစာချ ၁၀-ပါး အသီးသီးပေါ်ပေါက်ခဲ့ပါသည်။ အရှင်သိဂါလောဘိဝံသစသော (ဂ)ပါးတို့သည် မြန်မာ့ ဂူးအောင်မြင်သဖြင့် "သိရီပဝရမဟာစရိယဘွဲ့ ရကြသည်။ အခြားစာမေးပွဲများ၌လည်း ပ-ဒ-တများအပါအဝင် များပြားစွာ အောင်မြင်ခဲ့ပါသည်။ ဤအရေအတွက်များသည် ၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလကွယ်အတွင်း အောင်မြင်ထားသော စာရင်းသာ ဖြစ်ပါသည်။

***

http://www.dhammadownload.com



၉။ သာသနာရေးဆောင်ရွက်နေမှု

(၁) ဒုက္ခ-အပူ၊ အနိုင်ယူဖို့၊
သုံးလူထွင့်ထား၊ ဟောညွှန်ကြား၊
တရားပေါ်လာရ။
(ထုတ်လုပ်ရေး)

ကိုယ်တိုင်သိရန်၊ ကျင့်နိုင်ရန်၊
ဧကန်လေ့ကျင့်ထိန်းသိမ်းရ။
(ထိန်းသိမ်းရေး)

http://www.dhammadownload.com

(၂) ◉ အများသိရေး၊ ကျင့်နိုင်ရေး၊
ဖြန့်ပေးဝေချင်၊ (ဖြန့်ဝေရေး)
◉ သာသနာပြု၊ ဤ ၂-ခု၊
ပေါင်းစု ဆောင်ရွက်ရ။
◉ သာသနာရေး၊ ဆောင်ရွက်ပေး၊
ဖြူဖွေး အစဉ်လှ။

နတ်လူဗြဟ္မာ သတ္တဝါများ ဒုက္ခအပူကို အနိုင်ယူနိုင်ရန် သုံးလူထွင့်ထား ရှင်တော် ဘုရားက ဟောကြားလမ်းညွှန်ပေးသဖြင့် လောကအတွင်း တရားပေါ်ပေါက်လာရသည်။ တရားကိုပင် ဘုရားရှင်၏လမ်းညွှန်ချက် အဆုံး အမဖြစ်သောကြောင့် သာသနာဟုခေါ်သည်။

(၁) ကိုယ်တိုင်သိရန်၊ ကျင့်နိုင်ရန် လေ့ကျင့်

http://www.dhammadownload.com

ကြိုးစားနေရသော သာသနာထိန်းသိမ်းရေး (ကိုယ်တိုင်သိအောင် လေ့ကျင့်ရေး၊ လက်တွေ့ ကျင့်သုံးရေး)၊

(၂) သူတစ်ပါးတို့သိအောင် ကျင့်နိုင်အောင် ဟောပြောပို့ချ သင်ပြရေးသားပေးနေရသော ဖြန့်ဝေရေး၊ ဤ ၂-ကိစ္စ ဘောင်ဝင်အောင် ဆောင်ရွက်နေရခြင်းကို သာသနာပြုသည် = သာသနာရေးဆောင်ရွက်သည်ဟု ဆိုရသည်။ သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်သည်။

အများအတွက် ဆောင်ရွက်ပေးလျှင် ကိုယ့်အတွက်လည်း ဆောင်ရွက်ထားသည်ဟု သိနိုင်ပါသည်။ တိုက်တည်ဆရာတော်

http://www.dhammadownload.com

အရှင်ဝါသဝါဘိဝံသသည် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယတာဝန်၊ နိကာယသာသနာတော်ထွန်းကားရေးအသင်း ဩဝါဒစရိယတာဝန်၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယကတာဝန်၊ စာပေပို့ချရေးတာဝန်၊ ပရိသတ်ကို စနစ်တကျ ထိန်းသိမ်းအုပ်ချုပ်ရေးတာဝန် စသည်တို့ကို ကျပွန်စွာထမ်းဆောင်လျက် ရဟန်းရှင်လူအားလုံးအတွက် အလွန်ကျေးဇူးများလှသည့် "သဗ္ဗမင်္ဂလ ဓမ္မဒေသနာ" ကျမ်းကြီးကို ပြုစုရေးသားသွားတော်မူပါသည်။ ဆရာတော်လက်ထက်က သံဃာ့အဖွဲ့အစည်းများ မပေါ်ပေါက်သေးပါ။

စာချဆရာတော် အရှင်သီလာစာရာ

http://www.dhammadownload.com

ဘိဝံသ (လေးဘွဲ့ရ ဓမ္မာစရိယ)သည် စာသင်သားများအတွက် ကျေးဇူးများလှသည့် "နည်းပြဓမ္မာစရိယကျမ်းကြီး" နှင့် လူများအတွက် အကျိုးများလှသည့် "မိဘကျေးဇူး" စသောကျမ်းတို့ကို ရေးသားပြုစုခဲ့ပါသည်။

ဆရာတော် အရှင်ကောဏ္ဍညသည် ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်နာယကတာဝန်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်၊ ထေရဝါဒဗုဒ္ဓသာသနာပြု (တောင်တန်း သာသနာပြုအဖွဲ့) ဩဝါဒါစရိယတာဝန်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်တာဝန်၊ ကျောင်းတိုက်ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်၊ စာပေပို့ချ

http://www.dhammadownload.com

ရေးတာဝန် စသည်တို့ကို ကျေပွန်စွာ ထမ်း ဆောင်လျှက် သာသနာအတွက် အကျိုးများသည့် "ပဗ္ဗဇ္ဇာဘိသေကမဂ်လာ" စသော ကျမ်းများကို ရေးသားပြုစုခဲ့ပါသည်။

တိပိဋကယောဆရာတော်သည် ဝိနည်းမိရိတာဝန်၊ ရွှေကျင်နိကာယဂိဏ်းလုံးဝန်ဆောင်နာယကတာဝန်, နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တာဝန်၊ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယတာဝန်၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်း၊ ဓမ္မသာကစ္ဆာအဖွဲ့၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၊ အဘိဓမ္မာပြန့်ပွားး

http://www.dhammadownload.com

ရေးအသင်း၊ ဓမ္မဗျူဟာစာစောင်နှင့် ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၊ တိပိဋကဓမ္မရက္ခိတအဖွဲ့၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်း၊ ရန်ကုန်နှင့်မန္တလေး ယောနယ်အသင်း၊ မြတ် မင်္ဂလာစာစောင်နှင့် မင်္ဂလာဗျူဟာအဖွဲ့ချုပ်၊ ပိဋကဗျူဟာအဖွဲ့၊ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် တို့၏ ဩဝါဒိစရိယတာဝန် အပြည့်ပြည့်ဆိုင် ရာ ထေရဝါဒတက္ကသိုလ်၏ ဩဝါဒိစရိယ တာဝန် စသည်တို့ကို စိတ်အားထက်သန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။ နိဂုံး တော် သံဃမဟာ နာယကတာဝန်ကိုပါ ၄ နှစ်ထမ်းဆောင်ပေးခဲ့သည်။

http://www.dhammadownload.com

စာချုတန်း စာသင်သားများအတွက် ဓမ္မာ
စရိယလမ်းပြကျမ်းကို ရေးသားဖြန့်ဝေခဲ့သည်။
ရဟန်းရှင်လူများအတွက် အကျိုးများမည့်
(၁) စိတ်ထိန်းကရိယာ
(၂) ဘဝလမ်းညွှန်
(၃) သာဓု ၄-ပါး မြတ်တရား
(၄) အပေါင်းလက္ခဏာ
(၅) အနှစ်ထုတ်ယူ စွမ်းတဲ့လူ
(၆) ကံကိုထိန်းချုပ် စိတ်ခလုပ်
(၇) စိတ်ဓါတ်ကိုမြှင့် လုပ်ပိုင်ခွင့်
(၈) ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက်
(၉) အချိန်တန်ဖိုး လူတန်ခိုး
(၁၀) ဘဝတစ်ကွေ့ ခဏတွေ့
(၁၁) ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်

http://www.dhammadownload.com

(၁၂) တရားအသိ လူမျက်စိ
(၁၃) မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်
(၁၄) နလုံးသားဝယ် ဘုရားတည်
(၁၅) အေးမြရွှင်ပြုံး လူနှလုံး
(၁၆) လူ၏စွမ်းအား မြတ်တရား
(၁၇) ကိုယ့်ကိုကိုယ်ချစ် လူအစစ်
(၁၈) အသိမှန်ကန် ကိုယ့်ဖို့ကျန်
(၁၉) တရားကျေးဇူး စွမ်းရည်ထူး
(၂၀) သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
(၂၁) ကျန်းမာရွှင်လန်း မေတ္တာစွမ်း
(၂၂) မေတ္တာလက်တွဲ ရာပြည့်ပွဲ
(၂၃) ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
(၂၄) ဘဝဝေစု မြတ်ကောင်းမှု
(၂၅) တရားဆောင်သူ စိတ်မပူ

http://www.dhammadownload.com

(၂၆) အား

(၂၇) ယော

(၂၈) မွေးနေ့မင်္ဂလာ ရတနာ

(၂၉) ၄၅-နှစ် တရားသက်

(၃၀) နှစ်လေးဆယ့်ငါး တရားအချုပ်

(၃၁) လူ့အလှဆုံး စိန်တစ်လုံး

(၃၂) မေတ္တာနှလုံး အလှဆုံး

(၃၃) မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

(၃၄) အလှူကျေးဇူး စွမ်းရည်ထူး

(၃၅) နှုတ် + ဆက် = မင်္ဂလာ

(၃၆) မေတ္တာတရား လူစွမ်းအား

(၃၇) အကုန်အရ လူ့ဘဝ

(၃၈) မီးသတိပြု

(၃၉) မေတ္တာကျေးဇူး စွမ်းရည်ထူး

http://www.dhammadownload.com

(၄၀) ၄၅-ဝါ သာသနာ
(၄၁) လူအား
(၄၂) လူ၏စွမ်းအား ပတ္တမြား
(၄၃) စိတ်ကောင်းထားက မိတ်ကောင်းရ
(၄၄) အချစ်ဆုံးဆွေမျိုး
(၄၅) ညှဉ်သည်
(၄၆) ၄၅-နှစ် ရဟန်းသက်
(၄၇) စိတ်အေးစရာ သာသနာ
(၄၈) တစ်ခါလာလဲ ဒါပါပဲ
(၄၉) လူ့ဘဝထဲ စာမေးပွဲ
(၅၀) ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ
(၅၁) ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
(၅၂) ယနေ့အလုပ် ယနေ့လုပ်
(၅၃) အဘိဓမ္မာ သိစရာ

http://www.dhammadownload.com

(၅၄) ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်
(၅၅) ဓာတ်
(၅၆) ဘဝကိုဆောင် အလင်းရောင်
(၅၇) လူသားမေတ္တာ ဤကမ္ဘာ
(၅၈) ဆရာ့ကျေးဇူး စွမ်းရည်ထူး
(၅၉) သတိကိုင်စွဲ နှုတ်ဆက်ပွဲ
(၆၀) ဦးကောသလ္လတစ်ဘဝ ပေါ်ရတောင်ဖီလာ
(၆၁) သတိမေတ္တာ သူငါစုပေါင်း အကုန်ကောင်း
(၆၂) ယခုအလုပ် ယခုလုပ်
(၆၃) ဒီအတိုင်းပါပဲ
(၆၄) သုံးပါးမြတ်စွာ ရတနာ
(၆၅) ချစ်ခင်ညီညာ ပေါင်းတာမှန်မှ ငြိမ်းချမ်းရ
(၆၆) ဒီတစ်ခါလဲ ဒီတိုင်းပဲ
(၆၇) ပေါင်းတာမှန်မှ ကောင်းတာရ

http://www.dhammadownload.com

(၆၈) ခဏာတုံးထား ၄-ဘီးကား
(၆၉) ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ
(၇၀) ကိုယ့်ဟာကိုယ်သာ ရွေးယူပါ
(၇၁) နေကောင်းရဲ့လား
(၇၂) အသိဆန်းကြယ် အနှစ်ကြွယ်
(၇၃) မေတ္တာအစွမ်း စိတ်အေးချမ်း
(၇၄) အများမကြိုက် လူမိုက်တစ်ယောက်
ပန်းတိုင်ရောက်
(၇၅) မိခင်စိတ်ထား မေတ္တာအား
(၇၆) သူဦးကိုယ်ဦး ၃-မြှောပူး
(၇၇) ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ
(၇၈) ပစ္စည်းတန်ဖိုး လူတန်ခိုး
(၇၉) ကိုယ့်ဂုဏ်ကိုယ်ပြု ကောင်းတာစု
(၈၀) ဆွေမျိုးကိုရာ ကိုယ့်ဆီမှာတွေ့ စသော

http://www.dhammadownload.com

ကျမ်းငယ်တို့ကို ရေးသား၍ သိန်းပေါင်းများစွာ အခမဲ့ရိုက်နှိပ်ဖြန့်ဝေပေးလျက် ရှိပါသည်။ လူများအတွက် ဘဝအသုံးချ တရားများကိုလည်း ဟောပြောပေးလျက်ရှိပါသည်။

စာပေပို့ချရေး, ကျောင်းတိုက်ထိန်းသိမ်းအုပ်ချုပ်ရေးတာဝန်ကိုလည်း ထမ်းဆောင်နေပါသည်။ မိုးကုတ်ဝိပဿနာ ဝိနိစ္ဆယတာဝန်၊ ဘိကျွန်ဝိနိစ္ဆယတာဝန်၊ သိမာသက်ရဝိနိစ္ဆယစာတမ်း၊ ဝိပတ္တိသီမာဒီဝိနိစ္ဆယစာတမ်းရေးသားပြုစုရေးတာဝန်တို့ကို ကျေပွန်စွာဆောင်ရွက်ပေးခဲ့ပါသည်။

***

http://www.dhammadownload.com



၁၀။ နှစ်စဉ် ဝါဆိုသံဃာ လက်ခံမှု

- ကံ, ဉာဏ်, ဆန္ဒ၊ လုံ့လ, ကျန်းမာ၊ ငယ်ရွယ်ပါ၊ ခြောက်ဖြာညီရမည်။
- ဝိသုဒ္ဓါရုံ စွမ်းရည်စုံဖို့၊ လွှမ်းခြုံမေတ္တာ၊ ကြွစွာသယကုန်းတော်က၊ မှချလက်ခံမည် ဟူသော မူဖြင့် နှစ်စဉ် ဝါဆိုသံဃာ လက်ခံလေ့ရှိသည်။ မြန်မာနှစ်သစ်ကူးပြီးနောက် ၁-လအတွင်း ပြီးအောင်

http://www.dhammadownload.com

ဆောင်ရွက်သည်။

ကျောင်းတိုက်၏ ခြီးမြှောက်မှုနှင့် ထိုက်တန်သည့်အတိတ်ဘုန်းကံ အထိုက်အလျောက် ရှိရမည်။ ဝိသုဒ္ဓါရုံသည် ပရိသတ်များမှ, လာဘသက္ကာရတိုးပွားမှုကို အဓိကမထားဘဲ ခြီးမြှောက်ခံထိုက်သူများကိုရွေးချယ်၍ မေတ္တာဖြင့် ခြီးမြှောက်ပေးနေသော နေရာသာဖြစ်သည်။ ကံပါမှလည်း ခြီးမြှောက်ခံထိုက်မည် ဖြစ်သည်။ ပရိယတ္တိလမ်းကြောင်းပေါ် ရောက်လာနိုင်လောက်အောင် ပါရမီကံအထိုက်အလျောက် ရှိထားရမည်ဖြစ်သည်။ ကံနည်းသူများ မထိုက်တန်၍ ခဏသာနေပြီး ပြန်ထွက်ပြေးကြသည်။

ပရိယတ္တိလုပ်ငန်းအတွင်း ကျက်စားနိုင်

http://www.dhammadownload.com

လောက်သော ကံအရင်းခံသည့် ဉာဏ်လည်း ရှိရမည်။ ဉာဏ်ကိုစမ်းသပ်သောအားဖြင့် အတန်းလိုက်သတ်မှတ်ထားသော အာဂုံကျက်စာများကို အလွတ်ပြန်ပြစေ၍ သန့်ရှင်းစွာရအောင် ပြန်ဆိုနိုင်သူများကိုသာ နေထိုင်ခွင့်ပေးပါသည်။ စာတကယ်တတ်မြောက်လိုသောဆန္ဒ, အကျင့်သိက္ခာ ကောင်းမှုတရားကို လိုချင်မြတ်နိုးသောဆန္ဒ, တော်လိုကောင်းလိုသောဆန္ဒ ပြင်းပြထက်သန်သူဖြစ်ရမည်။ ဆန္ဒအားနည်းသူများကို ချော့ထားလေ့မရှိပါ။ ဆန္ဒကြီးမားသူများသာ စိတ်သဘောထားကြီးမားကြ၍ အနစ်နာခံ ကြိုးစားတတ်ကြပါသည်။ ဆန္ဒကြီးလျှင် ရည်ရွယ်ချက် ကောင်းတတ်ကြပါသည်။ ပရိယတ္တိလုပ်ငန်းကို

http://www.dhammadownload.com

အကန့်လိုက် ရုန်းကန်အားထုတ်သယ်ဆောင်နိုင်သော ဝိရိယအစွမ်းလည်း ရှိရမည်။ ဆန္ဒကြီးလျှင် လုံ့လလည်း ကြီးတတ်ပါသည်။

ကျန်းမာရေးပြည့်စုံသူကိုသာ ရွေးချယ်လက်ခံပါသည်။ ကျန်းမာရေးကောင်းမှုလည်း ရည်မှန်းထားသည့်အလုပ်ကို တကယ်ပေါက်ရောက်အောင် လုပ်နိုင်သည်။ အထူးအားဖြင့် နာတာရှည်ရောဂါ, ကူးစက်တတ်သောရောဂါရှိသူများကို လုံးဝလက်မခံပါ။ လက်ခံပြီး၍ ထိုရောဂါပေါ်လာလျှင်လည်း နေခွင့်မပေးတော့ဘဲ ပြန်ပို့လိုက်ပါသည်။ ဖျားနာ စသော အာဂန္တုကရောဂါငယ်များကို ကျောင်းတိုက်မှ အားလုံး တာဝန်ယူ၍ ကုသပေးပါသည်။ ကျောင်းဆေးခန်းဌ နေ့စဉ် မေတ္တာရှင်

http://www.dhammadownload.com

စေတနာရှင်ဆရာဝန်များ အလှည့်ကျ ကြည့်ရှု စမ်းသပ် ကုသပေးနေပါသည်။ ဆေးရုံတက် ရန်ကိစ္စ, ခွဲစိတ်ရန်ကိစ္စ ကြုံလာလျှင်လည်း ကျောင်းတိုက်မှပင် အားလုံး တာဝန်ယူဆောင် ရွက်ပေးပါသည်။

ဤကျောင်းတိုက်၌ ငယ်ရွယ်သူသာမဏော ငယ်များကိုသာ ရွေးချယ်၍ လက်ခံပါသည်။ ငယ်ရွယ်သူများသာ အများအားဖြင့် ပြောဆို ဆုံးမ၍လွယ်ကူသည်။ ဆရာတပည့် နှစ်ပေါင်း များစွာ အတူနေခွင့်ရမှလည်း နည်းစနစ် ကောင်းကို ရပြီး ကြီးပွားတိုးတက်တတ်ပါ သည်။ အများအားဖြင့် တောရွာမှ တိုက်ရိုက် ရောက်လာသူများကိုသာ လက်ခံပါသည်။ အရည်အချင်းကို ကျေနပ်လျှင်ကား ၃-ဝါ

http://www.dhammadownload.com

ထက်မကြီးသော ရဟန်းငယ်များကိုလည်း အခြေအနေကို ကြည့်ရှုသုံးသပ်၍ လက်ခံပါသည်။ ၁၁-နှစ်အောက် ငယ်သူများကို လက်မခံပါ။

ယုံကြည်စိတ်ချ လေးစားထိုက်သော တာဝန်ခံပုဂ္ဂိုလ် (ဆရာ မိဘ ရဟန်းဒကာ ရဟန်းအမ ရှင်ဒကာ ရှင်အမ)တို့က အာမခံတာဝန်ယူ၍ အပ်နှံရပါသည်။ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံ၍ "အလိုမရှိလျှင် ချက်ချင်းပြန်ခေါ်ယူမည်ဖြစ်ကြောင်း" တာဝန်ခံကာ လက်မှတ် ရေးထိုးရပါသည်။ နေထိုင်သူကလည်း "ကောင်းမွန်စွာ နေထိုင်မည်ဖြစ်ကြောင်း, အလိုမရှိလျှင် ချက်ချင်း ထွက်ခွာသွားမည်ဖြစ်ကြောင်း" ဝန်ခံလက်

http://www.dhammadownload.com

မှတ်ထိုး၍ ဆရာတော်က အလိုမရှိလျှင် အချိန်မရွေး ထွက်ခွာသွားကြရပါသည်။ များ ဖို့ထက် ကောင်းဖို့သာ ဦးစားပေး၍ လက်ခံ ပါသည်။



http://www.dhammadownload.com



၁၁။ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ဆက်ကပ်မှု

၁။ ဂုဏ်ပြုသူမှာ၊ မိမိသာ၊
ကောင်းစွာ ကြိုးစားရ။

၂။ ချီးကျူးသူကား၊ သူတစ်ပါး၊
အများရှင်လူ ဖြစ်နေကြ။

၃။ ကိုယ့်ဂုဏ်ကိုယ်ပြု၊ ကောင်းတာစု၊
ကောင်းမှုတိုးအောင် နီးကြားရ။

http://www.dhammadownload.com

ဘွဲ့တံဆိပ် ဆက်ကပ်ခံရမှုသည့် စာသင်တိုက်၏ ဦးတည်ရည်မှန်းချက် မဟုတ်သော်လည်း ဂုဏ်ပြုမှုကို အကြောင်းပြု၍ ချီးကျူးပူဇော်မှုမျိုးကား ရှိနေတတ်ကြပါသည်။ ဂုဏ်ဖြစ်အောင် မိမိကိုယ်တိုင် ပြုရပါသည်။ ကိုယ့်ဂုဏ်ရအောင် သူတစ်ပါးက ပြုမပေးနိုင်ကြပါ။ ကိုယ့်ဂုဏ်ရအောင် ကိုယ်သာပြုနေရပါသည်။ ဂုဏ်ပြုသူမှာ မိမိသာဖြစ်ပါသည်။ ချီးကျူးသူကား သဒ္ဓါ, မေတ္တာ, ပညာကောင်းသည့် သူတစ်ပါးသာ ဖြစ်ပါသည်။

ပရိယတ္တိ, ပဋိပတ္တိကို တကယ်ကြိုးစားအားထုတ်နေသူ၊ ဒါန, သီလ, သမာဓိ, ဝိပဿနာ ကောင်းမှုတရားကို တကယ်ကြိုးစား ပြုလုပ်နေသူသည် ကိုယ့်ဟာကိုယ်

http://www.dhammadownload.com

တကယ်ဂုဏ်ရှိအောင် ဂုဏ်ပြုနေသူများဖြစ်၍ သူတစ်ပါးတို့၏ တကယ်ချီးကျူး ပူဇော်ထိုက်သူများ ဖြစ်ကြပါသည်။ ချီးကျူးပူဇော်သူရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ကောင်းမှုဂုဏ်ရှိသူမှန်သမျှ ချီးကျူးပူဇော်ထိုက်သူချည်းသာ ဖြစ်ပါသည်။

ကောင်းမှုဂုဏ်ရအောင် ပြုထားသူကို သူတစ်ပါးတို့က အကြောင်းအမျိုးမျိုးကြောင့် မချီးကျူး မပူဇော်ကြစေကာမူ ကိုယ့်ကောင်းမှုဂုဏ်နှင့် ထိုက်တန်သည့် ကောင်းကျိုးများကို ထိုက်ထိုက်တန်တန်ကောင်းကျိုးပေး၍ ချီးကျူးပူဇော်သွားကြမည်သာ ဖြစ်ပါသည်။ ကောင်းမှုပြုခြင်းသည် ဂုဏ်ပြုခြင်းဖြစ်၍ ကောင်းကျိုးပေးခြင်းသည် ချီးကျူးပူဇော်နေခြင်းဖြစ်သည်။

http://www.dhammadownload.com

ကိုယ့်ကောင်းမှုက ပေးသလောက်တော့ မည်
သူမျှ မီအောင် လိုက်မပေးနိုင်ကြပါ။

မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်
တိုက်သစ် ကျောင်းတိုက်တည်ဆရာတော်ကြီး
အရှင်ဝါသဝါဘိဝံသသည် မန္တလေး စာချ
အကျော်ဖြစ်သဖြင့် ပရိယတ္တိအရည်အချင်း
လည်း လွန်စွာတော်၍ အကျင့်သိက္ခာလည်း
အလွန်ပြည့်ဝတော်မူပါသည်။ သာသနာ
အတွက် စွမ်းဆောင်ချက်လည်း အလွန်
ကြီးမားတော်မူပါသည်။ သို့ရာတွင် နိုင်ငံတော်
အစိုးရက ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကို ရပ်ဆိုင်း
ထားသောခေတ်အခါနှင့် ကြုံကြိုက်နေသဖြင့်
မည်သူဆက်ကပ်သည့် မည်သည့်ဘွဲ့တံဆိပ်ကို
မျှ အလှူခံရယူခြင်းမရှိပါ။ ဆရာတော်ကြီး

http://www.dhammadownload.com

ကိုယ်တိုင်ပြုထားသည့် ကောင်းမှုဂုဏ်များကို အံ့ဖွယ်ကောင်းကျိုးများက ထိုက်ထိုက်တန်တန် ကောင်းကျိုးပေးကာ ကောန်ချိုးကျွးပူဇော်သွားကြလိမ့်မည်သာ ဖြစ်ပါသည်။

ဆရာတော် အရှင်ကောဏ္ဍညသည် ၁၃၅၃-ခုနှစ်၌ "အဂ္ဂမဟာ ဂန္ဆဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ ၁၃၅၆-ခုနှစ်၌ "အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ကိုလည်းကောင်း အလှူခံရရှိတော်မူပါသည်။

တိပိဋကယောဆရာတော်သည် ၁၃၅၁-ခုနှစ်၌ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကိုလည်းကောင်း၊ ၁၃၆၀-ပြည့်နှစ်၌ "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်ကိုလည်းကောင်း အလှူခံရရှိတော်မူပါသည်။

http://www.dhammadownload.com

၁၃၆၉-ခုနှစ်၌ တိပိဋကယောဆရာတော်အား ထိုင်းနိုင်ငံ မဟာချုလာလောင်ကွန် တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ "ပိအိတ်ခ်ျဒီ" ဘွဲ့ ဆက်ကပ်ရန် အကြိမ်ကြိမ် စကားကမ်းလှမ်းခဲ့သော်လည်း "ဘွဲ့ဆက်ကပ်လျှင်ဒါန်းလိုသည်ဆိုခြင်းကို အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း သို့ရာတွင် မိမိမှာ တိပိဋကဘွဲ့ရရှိထားပြီးဖြစ်၍ အခြားဘွဲ့များကို မယူလိုတော့ပါကြောင်း" ပြန်ကြားပြောပြ၍ လက်မခံဘဲ ငြင်းပယ်ခဲ့ပါသည်။



http://www.dhammadownload.com



၁၂။ ကျောင်းတိုက်ခွဲများ တည်ထောင်မှု

- ပုဂ္ဂိုလ်အနှံ၊ နယ်အနှံ၊
  ကျယ်ပြန့်သွားအောင် ဉာဏ်ဖြင့်ရှု။
- အများအကျိုး၊ ကောင်းမှုတိုး၊
  တန်ခိုးတက်အောင်ပြု။

အပူငြိမ်းကြောင်း,ဆင်းရဲလွတ်ကြောင်း တရားကောင်းကို ပုဂ္ဂိုလ်အနှံ့ နယ်အနှံ့ ပြန့်ပွားအောင် ဖြန့်ပေးရမည်ဖြစ်သည်။ ကောင်းမှု

http://www.dhammadownload.com

တန်ခိုး အစဉ်တိုးအောင် စွမ်းနိုင် သလောက် အများအကျိုးကို ဆောင်ရွက်ပေးရမည်သာ ဖြစ်သည်။

စာသင်တိုက်ခွဲ၍ တည်ထောင်ပေးလိုက်ခြင်းသည်လည်း တရားပြန့်ပွားအောင် ဖြန့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ အများကောင်းမှုတိုးအောင် ဆောင်ရွက်ပေးလိုက်ခြင်းပင်ဖြစ်သည်။

၁၃၄၅-ခုနှစ် တပေါင်းလဆွဲ ကလေးမြို့ ဗောဓိကျောင်းဆရာတော်ဦးကောသလ္လ၊ ထိုမာရွာကျောင်းဆရာတော် ဦးပညာဝံသတို့၏ ပူဆာတိုက်တွန်းလွှဲအပ်မှုကြောင့် တိပိဋကယောဆရာတော်က ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကိုလက်ခံ၍ ၁၃၄၆-ခုနှစ် ကဆုန်လမှစ၍ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်

http://www.dhammadownload.com

လုစ်ပေးခဲ့သည်။ တပည့်ကြီးများအား စောင့်ရောက်ထိန်းသိမ်းရန် တာဝန်ပေး၍ တိပိဋကယောဆရာတော်ကိုယ်တိုင် မကြာမကြာ သွားရောက်လမ်းညွှန်ကာ ကိုယ်အား ဉာဏ်အားပစ္စည်းအားဖြင့် စွမ်းနိုင်သလောက် ထိန်းသိမ်းစောင့်ရောက် သာသနာပြုလျှက်ရှိပါသည်။

၁၃၅၁-ခုနှစ်၊ ဝါဆိုလဆွဲ တောင်ဖီလာတောရဆရာတော် (ယခင်ဗောဓိကျောင်းဆရာတော်) ဦးကောသလ္လ၏ ပူဆာတိုက်တွန်းလှဲအပ်မူကြောင့် တိပိဋကယောဆရာတော်က ကလေးမြို့နယ် တောင်ဖီလာတောရကျောင်းတိုက်ကိုလက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လုစ်ပေးခဲ့ရပြန်သည်။ တပည့်ကြီးများအား တာဝန်ပေးအပ်၍ မကြာ

http://www.dhammadownload.com

မကြာ ကိုယ်တိုင်သွားရောက်လမ်းညွှန်ကာ သာသနာပြုနေသည်။

၁၃၆၃-ခုနှစ်၊ တန်ခူးလဆွဲဦးစိန်လှဝင်း ကောင်းမှုဖြစ်သော မြောက်ဒဂုံထေရဝါဒ ဓမ္မရောင်ခြည် ကျောင်းတိုက်ကို သာသနာရေး ဦးစီးဌာနထံမှ တိပိဋကယောဆရာတော်က လွှဲပြောင်းလက်ခံယူ၍ ယာယီရိပ်သာအဖြစ် ထားရှိခဲ့သည်။ ၁၃၆၈-ခုနှစ်၊ နယုန်လဆုတ် (၈)ရက် (၁၈-၆-၂၀၀၆) တနင်္ဂနွေနေ့၌ ၄င်း ကျောင်းတိုက်ကို တိပိဋကယောဆရာတော်က စာသင်တိုက်အဖြစ် ဖွင့်လှစ်ပေးလိုက်သည်။ တပည့်ကြီးများအား တာဝန်ပေးကာ ကိုယ်တိုင် မကြာမကြာ သွားရောက်လမ်းညွှန်လျက် သာသနာပြုနေပါသည်။

http://www.dhammadownload.com

၁၃၇၂ ခုနှစ် ပြာသိုလဋ္ဌ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ကုန်းတလပေါင်ကျေးရွာ ရွှေဥမင်ဆရာတော်ဘုရားကြီး တည်ထောင် တော်မူခဲ့သည့် ရွှေဥမင်ဓမ္မသုခတောရရိပ်သာ ကိုလက်ခံကာ စာသင်တိုက်ပါ တွဲဖက်၍ ဖွင့်လှစ်ပေးခဲ့သည်။

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်မှ တိုက်ရိုက်ခွဲပေးခြင်းမဟုတ်ဘဲ မဟာဝိသုဒ္ဓါရုံ၌ ပညာသင်ကြားပြီး တတ်မြောက်သွားကြသော အရှင်မြတ်များက ကိုယ်တိုင်စာသင်တိုက် ဖွင့်လှစ်သာသနာပြုနေကြသော စာသင်တိုက် ကျောင်းခွဲများကား များစွာပင်ရှိနေကြပါသည်။



http://www.dhammadownload.com



၁၃။ တိုက်တာစည်းကမ်းထားရှိမှု

၁။ စည်းကမ်းမပါ၊ ကျောင်းတိုက်မှာ၊
များပါသော်လည်း မတိုးတက်။

၂။ စည်းကမ်းလိုက်နာ၊ ကျောင်းတိုက်မှာ၊
နည်းပါသော်လည်း၊ တန်ဖိုးတက်။

၃။ ကျောင်းအလုမှာ၊ စည်းကမ်းသာ၊
မှန်စွာ ကောင်းကျိုးဆက်။

http://www.dhammadownload.com

ကျောင်းတိုက် စည်းကမ်းမရှိလျှင် အရေအတွက်များပြားသော်လည်း အရည်အချင်းမတိုးတက်ပါ။ စည်းကမ်းရှိ၍ စည်းကမ်းလိုက်နာသောကျောင်းတိုက်ဖြစ်လျှင် အရေအတွက်နည်းပါးသော်လည်း အရည်အချင်းတိုးတက်သည်။ စည်ပင်ဖွံ့ဖြိုးသည်။ စည်းကမ်းသည် ကျောင်းတိုက်၏ အလှဖြစ်သည်။

၁။ ဤကျောင်းတိုက်၌ နေထိုင်ခွင့်ရသူသည် ပဓာနနာယကဆရာတော်နှင့် အုပ်ချုပ်ရေးတာဝန်ခံဘုန်းကြီးများ၏ ညွှန်ကြားဆုံးမမှုကိုဆင်ခြေမပေးဘဲ အမြဲလေးစားလိုက်နာရမည်။

၂။ မြို့ရွာတွင်းသို့ဝင်လျှင် နာယကဆရာတော်ထံ အသွားအပြန် အသိပေး ပန်

http://www.dhammadownload.com

ကြားလျှောက်ထားရမည်။

၃။ မည်သည့်အချိန်မဆို ကျောင်းတိုက် အပြင်ထွက်လျှင် သင်္ကန်းရုံသွားရမည်။

၄။ မကျန်းမာခြင်းစသော အကြောင်းထူး မရှိလျှင် သံဃာညီညွတ်မှုကို ရှေးရှု၍ ဆွမ်းစားကျောင်း၌သာ အများနှင့်အတူ ဆွမ်းစားရမည်။

၅။ စားသောက်ဖွယ်တို့ကို မိမိနေရာ၌ မထား ဘဲ ဆွမ်းစားကျောင်းသို့သာ ပို့အပ်ထား ရမည်။

၆။ ပြောပလောက်သော ဂိလာနအကြောင်း ကို ချန်လှပ်၍ နေ့စဉ် ညဉ့် နံနက်ဘုရား ဝတ်တက်ရာ သြဝါဒမိန့်ကြားရာ ဥပုသ် ပြုရာသို့ မပျက်မကွက်လိုက်ရမည်။

http://www.dhammadownload.com

၇။ ဆေးလိပ်သောက်ခြင်း, ကွမ်းစားခြင်း, ဆေးဝါးခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။

၈။ ရုပ်ရှင်ပွဲ, ဘောလုံးပွဲ, အငြိမ့်ပွဲစသည့် မည်သည့်ပွဲလမ်းသဘင်ကိုမျှ သွားရောက်ကြည့်ရှုခြင်းမပြုရ။

၉။ မလျောက်ပတ်သော သက်နှံးရောင် ဝတ်ခြင်း, အံသကိုင်(အင်္ကျီလက်တို) ဝတ်ခြင်း, ကွင်းသင်းပိုင်ဝတ်ခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။

၁၀။ သွေးကွဲကြောင်းဖြစ်သော အချင်းချင်းကုန်းတိုက်ခြင်း, အသင်းအပင်း အုပ်စုဖွဲ့ခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။

၁၁။ ဤကျောင်းတိုက်၌ နေထိုင်သမျှ နိုင်ငံရေးလိုက်စားခြင်း, လောကီခေတ်ပညာ

http://www.dhammadownload.com

သင်ကြားခြင်းကို လုံးဝ မပြုလုပ်ရ။

၁၂။ ဤကျောင်းတိုက်၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းစေမည့် အပြောအဆို အပြုအမူမှ အထူးရောင်ကြဉ်ရမည်။

၁၃။ အများကို အန္တရာယ်ပြုတတ်သော လက်နက်ကိရိယာများ၊ သာသနာ အတွက်အကျိုးမပြုသော ကာတွန်း, ခေတ်ဝတ္ထု ဆန်း စသောစာအုပ်များကို မကိုင်ဆောင်ရ၊ အသုံးမပြုရ။

၁၄။ ကျောင်းနံရံ, တိုင် စသည်တို့ကို မမှီရ၊ မဆွဲညံ့ရ။

၁၅။ ရဟန်းရှင်လူ မည်သည့်ဥယျာဉ်သည်မဆို ဤကျောင်းတိုက်၌ မိမိနှင့်သိရှိရင်းနှီး၍ အာမခံတာဝန်ယူနိုင်သော ရဟန်းသာ

http://www.dhammadownload.com

မတော ကျောင်းသားတစ်ဦးဦး ရှိနေမှသာ (၃)သည် တည်းခိုခွင့်ရပါမည်။ မကျန်းမာသူဖြစ်လျှင် (၇)ညထိ တည်းခိုနိုင်သည်။ ကူးစက်တတ်သောရောဂါ, နာတာရှည်ရောဂါရှိသူများကို တည်းခိုခွင့်မပြုပါ။ (ဧ လုံးပြဿနာ ကင်းရှင်း၍ ဘချမ်းသာပြီး ကောင်းမှုတိုးရန် ဦးတည်ပါသည်။)

(စာပြန်စာဖြေပျက်ကွက်ခြင်း, တံတိုင်းကျော်၍ ထွက်-ဝင်ခြင်း, မလျှောက်မထား ကျောင်းတိုက်အပြင်သွားခြင်း, သင်္ကန်းမရုံဘဲ ကျောင်းတိုက်အပြင် ထွက်ခြင်း, ခွင့်မပန်ဘဲ စာဝါပျက်ကွက်ခြင်း, ခိုက်ရန်ဖြစ်ပွားမှု-ခိုးမှု စသော

http://www.dhammadownload.com

ပြစ်မှုကျူးလွန်ခြင်း၊ အုပ်ချုပ်ရေးတာဝန်ခံ ပုဂ္ဂိုလ်များကို ကိုယ်နှုတ်ဖြင့်မထီမဲ့မြင် မလေးမခန့်ပြုခြင်း စသည်ကိုပြုမိပါက ကျောင်းတိုက်မှ ချက်ချင်းထွက်ခွာသွားရမည်။)

တိပိဋကယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ဗဟန်း၊ရန်ကုန်မြို့။

၁၃၇၀-ခု၊ တန်ဆောင်မုန်းလ
(၂၀၀၈-ခု၊ နိုဝင်ဘာလ)

❀❀❀

http://www.dhammadownload.com

ရန်ကုန်မြို့၊ ဗဟန်းနန္ဒဝန်လမ်း

မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်

စာသင်သားများ၏

ကျန်းမာရေးတာဝန်ယူစောင့်ရှောက်မှု

စည်းကမ်းသတ်မှတ်ချက်

++++++

၁။ မည်သူမဆို သာမန်ရောဂါများအတွက် ဆေးခန်းများသို့ သွားရောက်ဆေးကုသရန် ကုန်ကျစရိတ်ကို ကျောင်းတိုက်က တာဝန်ယူမည်။

၂။(က)သာမန်စာသင်သားများ ဆေးရုံ တက်ရောက်ကုသရလျှင် ကျပ်၅၀၀၀၀-ထိ,

http://www.dhammadownload.com

ခွဲစိတ်ကုသရလျှင် ကျပ်၁၀၀၀၀၀- ထိ ကျောင်းတိုက်က တာဝန်ယူမည်။

(ခ)ၚင်းထက်ပိုလျှင် ကုန်ကျစရိတ်၏ ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်ယူရမည်။

၃။(က)စာပေထူးချွန်၍ တည်ငြိမ်သော အထူးစာသင်သားများဆေးရုံတက်ရောက်ကုသလျှင် (၃-ဆတက်၍) ကျပ် ၁၅၀၀၀၀-ထိ, ခွဲစိတ်ကုသရလျှင် ကျပ် ၃၀၀၀၀၀-ထိ ကျောင်းတိုက်က တာဝန်ယူမည်။

(ခ) ၚင်းထက်ပိုလျှင် ကုန်ကျစရိတ်၏ ထက်ဝက်ကို ကိုယ့်ဟာကိုယ် တာဝန်

http://www.dhammadownload.com

ယူရမည်။

၄။(က) တစ်လထက်ကျော်အောင် နာတာရှည်ဖြစ်နေလျှင် မိမိမူလနေထိုင်ခဲ့ရာ ပင်ရင်းကျောင်းသို့ သွားရောက်အနားယူနေရမည်။

(ခ) ထိုသို့ သွားရောက်အနားယူနေစဉ် ဤကျောင်းတိုက်က ကျန်းမာရေးတာဝန်ယူမည် မဟုတ်ပါ။

(ဂ) ပကတိ ကျန်းမာလာသောအခါ ဤကျောင်းတိုက်သို့ ပြန်လာနိုင်သည်။

၅။ စာချုပ်နှုန်းကြိုးများ၏ ကျန်းမာရေးအတွက် ကျောင်းတိုက်မှ အားလုံးတာဝန်ယူပါသည်။

ဦးဝိဇ္ဇက ဃောသဆရာတော်

၁၃၇၂-ခု၊ ဒုတိယဝါဆိုလ

(၆-၈-၂၀၁၀)

http://www.dhammadownload.com

တိပိဋကယောဆရာတော်၏
ဝိသုဒ္ဓါရုံ ခွင့်ခါကြုံခဲ့ ကျောင်းတိုက်ခွဲ



* အများပေါင်းစု၊ ဆောင်ရွက်မှုကြောင့်၊ ကောင်းမှုပွားရာ၊ ကျောင်းတိုက်မှာ၊ ကောင်းစွာ ဖြစ်လာသည်။
* ဝိသုဒ္ဓါရုံ၊ ခွင့်ခါကြုံခဲ့၊ ကျောင်းတိုက်ခွဲ၊ ထူးကဲပေါ်လာသည်။

ကလေးမြို့နယ် ပြင်သာရွာဇာတိ ဆရာတော် ဦးကောသလ္လ (သာသနာဓဇသိရီပဝရဓမ္မာစရိယ၊ ဂျပန်နိုင်ငံ ဗုဒ္ဓသာသနာပြု) ကလေးမြို့နယ်မှ ပထမဆုံး ဓမ္မာစရိယအောင်

http://www.dhammadownload.com

မြင်သည့် သာသနာ့အာဇာနည်)သည် ရန်ကုန်
မြို့ သရက်တောကျောင်းတိုက် မင်္ဂလာသာ
စည်ကျောင်း၌ သီတင်းသုံးခိုက် ကလေးမြို့
ဒကာ ဒကာမများ၏ ပင့်လျှောက်ချက်အရ
၁၃၃၉-ခု၊ ဝါဆိုလဆန်း(ဂ)ရက်နေ့၌ ကလေး
မြို့ ရွှေဘုံသာဘုရားမြောက်ဘက် ရွှေဘုံသာ
ဘုရားအပြင်ဘက် ဝတ္တာကမြေ၌ ဆောက်လုပ်
ထားသည့် ဗောဓိကျောင်းသို့ ကြွရောက်
သီတင်းသုံးတော်မူသည်။

ဆရာတော် ဦးကောသလ္လသည် စာသင်
သားများကို လက်ခံ၍ နေ့ညမပြတ် စာပေ
ပို့ချကာ လူအများအားလည်း တရားဟော
ကြားလျက် သာသနာပြုတော်မူသည်။ ဆရာ

http://www.dhammadownload.com

တော်ဦးကောသလ္လ ကလေးမြို့ ဗောဓိကျောင်းသို့ ကြွရောက်၍ သာသနာပြုပေးနေခြင်းသည် ကလေးမြို့၌ မဟာဝိသုဒ္ဓါရုံစာသင်တိုက်နှင့် တောင်ဖီလာတောရစာသင်တိုက်(၂)တိုက် ပေါ်ပေါက်လာရခြင်း၏ အကြောင်းအခြေခံလည်းဖြစ်ပါသည်။

ကလေးမြို့ ရွှေဘုံသာဘုရားအနောက်ဘက်မြေနေရာ၌ လွန်ခဲ့သည့် (၂၅)နှစ်ကျော်က မြို့နယ်စာရင်းရုံးနှင့် ကုန်သွယ်လယ်ယာကိုဒေါင်ကြီး(၃)လုံး တည်ရှိနေခဲ့ပါသည်။ ဤဝင်းအတွင်း၌ရှိနေခဲ့ကြသော အုတ်ကျိုးအုတ်ပဲ့ အုတ်ပုံများက ရှေးဟောင်းသာသနာ့မြေဖြစ်ကြောင်း ခိုင်လုံသောသက်သေအဖြစ်

http://www.dhammadownload.com

ဖေါ်ပြနေကြပါသည်။ ရှေးအခါက ဤနေရာ၌ "အုတ်ကျောင်း" ခေါ်သော ဘုန်းတော်ကြီးကျောင်း ရှိခဲ့ဘူးကြောင်း သိရပါသည်။ ၄င်း အုတ်ကျောင်းမြေနေရာ၌ သာသနာပြုအလုပ်လုပ်နိုင်ရန် နေသာကျောင်းဆရာတော်ကြီး ဦးဇိနက ထိုမာရွာကျောင်းဆရာတော် ဦးပညာဝံသအား တာဝန်ပေး အပ်နှင်းထားခဲ့ဘူးသော နေရာဖြစ်ကြောင်းလည်း သိရသည်။

မြို့နယ်စာရင်းဌာနမှ စာရေးကြီးဦးညွှန့်မြင့်နှင့် စာရေးကြီးဦးစိန်မောင်တို့က "ဤနေရာသည် နှစ်ပေါင်း(၁၀၀)နီးပါး ဝတ္ထုကမြေသာသနာမြေဖြစ်ခဲ့ကြောင်း" မြေပုံကိုဖေါ်ထုတ်ကူးယူပေးကြသည်။ ထို့ကြောင့် သာသနာ

http://www.dhammadownload.com

အတွက် အရှည်ကိုမြော်မြင်တော်မူသော ထိုမာရွာကျောင်း ဆရာတော် ဦးပညာဝံသည် ဗောဓိကျောင်းဆရာတော် ဦးကောသလ္လ၊ မန္တလေး ဝိဇ္ဇာလင်္ကာရဆရာတော် ဦးခေမာစာရတို့နှင့် ညှိနှိုင်းတိုင်ပင်လက်တွဲကာ သဒ္ဓါကောင်းကြသည့် ဒကာ ဒကာမအပေါင်းတို့၏ ပစ္စယာနုဂ္ဂဟ အကူအညီကိုယူ၍ ရွှေဘုံသာဘုရား အနောက်ဘက်မြေနေရာကို ကျောင်းတိုက်ဖြစ်အောင် ကြိုးစားဖော်ထုတ်ခဲ့ရာ ကျောင်းတိုက်ကြီး အောင်မြင်စွာ ပေါ်ထွက်လာခဲ့သည်။

၁၃၄၄-ခုနှစ်၌ ဦးအောင်ဖြူး-ဒေါ်အေးညွှန့်၊ ဦးအောင်ဆက်-ဒေါ်ထွန်းမြ၊ ဦးရာကွတ်-

http://www.dhammadownload.com

ဒေါ်လှရင်၊ ဦးဘိုလေး-ဒေါ်တင်စု၊ ဦးစောဦး-ဒေါ်သိန်းရင်၊ ဦးစောဖေ-ဒေါ်စံထယ်၊ ဦးဘိုးခန့်-ဒေါ်ချစ်တင် စသော ကျောင်းဒကာ ကျောင်းအမများက ဦးဆောင်၍ ကျောင်းဆောင် (၂)ဆောင်နှင့်တကွ ရေတွင်းရေကန် စသည် ပြည့်စုံအောင် စီမံလှူဒါန်းပေးကြသည်။ ၁၃၄၅ ခုနှစ်၊ ဝါဆိုဦးမှစ၍ ကျောင်းတိုက်သစ်၌လည်း စာသင်သားများထားကာ ဗောဓိကျောင်းသံဃာနှင့်တွဲဖက်၍ ဗောဓိကျောင်းဆရာတော် ဦးကောသလ္လကပင် တာဝန်ယူအုပ်ချုပ်ကာ စာပေပို့ချ သင်ပြပေးတော်မူပါသည်။ ၁၃၄၅-ခုနှစ်၊ ဝါဆိုဦးကစ၍ ကျောင်းတိုက်သစ်အဖြစ် ထင်ထင်ရှားရှား ပေါ်ပေါက်လာခဲ့ပါသည်။

http://www.dhammadownload.com

ဗောဓိကျောင်းနှင့်တွဲလျက်ပင် ရှိနေပါသေးသည်။

၄င်းကျောင်းတိုက်သစ်ကို ဗောဓိဆရာတော်ဦးကောသလ္လ၊ ထိုမာဆရာတော်ဦးပညာဝံသတို့က တိပိဋကယောဆရာတော် အရှင်သိရိန္ဒာဘိဝံသထံ အတင်းအကြပ် အပ်နှံလာကြသဖြင့် ၁၃၄၅-ခုနှစ်၊ တပေါင်းလဆုတ် (၁၂)ရက်နေ့၌ ကျောင်းတိုက်သစ်ကို မလွှဲသာမရှောင်သာ လက်ခံလိုက်ရသည်။ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၏တိုက်ခွဲဖြစ်သဖြင့် ၄င်းကျောင်းတိုက်သစ်ကို တိပိဋကယောဆရာတော်က "မဟာဝိသုဒ္ဓါရုံတိုက်သစ်" ဟု အမည်ပေးထားလိုက်သည်။

၁၃၄၆-ခုနှစ်၊ ကဆုန်လ၌ အရှင်တေဇဝန္တ

http://www.dhammadownload.com

(ဓမ္မာစရိယ) စသော တပည့်ကြီးများအား တာဝန်ပေး၍ သတ်သတ်မှတ်မှတ် စာသင်တိုက်အဖြစ် ဖွင့်လှစ်ပေးလိုက်သည်။ ၄င်းနှစ်၌ ဝါဆိုသံဃာ(၃၀)ရှိသည်။ ဗောဓိကျောင်းကိုလည်း မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် ပေါင်းလိုက်ပြီး ဆရာတော်ဦးကောသလ္လသည် ကျောင်းကန်ပစ္စည်းအားလုံး စွန့်လွှတ်ကာ တစ်ပါးတည်း တရားအပြတ်အားထုတ်ရန် တောင်ဖီလာတောရသို့ ကြွသွားလေတော့သည်။ နောက်အခါ၌ တိပိဋက ယောဆရာတော်က ဗောဓိကျောင်းဝင်းကို ရွှေဘုံသာဘုရားမြေအဖြစ် ပြန်လှူ၏။ ဒါန်းလိုက်သဖြင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်တစ်ဝင်းတည်း သပ်သပ်

http://www.dhammadownload.com

ရပ်ရပ်ကျန်နေခဲ့ပါသည်။ အုပ်ချုပ်ရေးအတွက် ပို၍ လွယ်ကူသွားပါသည်။

အရှင်တေဇဝန္တနှင့်တကွ အရှင်ဝိစိတ္တသာရ၊ အရှင်ဉာဏဗလ(ကန်)၊ အရှင်သုဘူတိ၊ အရှင်ဉာဏိသရ(ဘုတလင်)၊ အရှင်ကဝိန္ဒာစာရ၊ အရှင်ဇဋိလ(ဘုတလင်)၊ အရှင်ပညာဇောတ(ယော)၊ အရှင်နာဂိန္ဒ၊ အရှင်ဉာဏဗလ(မြစ်ခြေ)၊ အရှင်သီရိန္ဒ၊ အရှင်ဉာဏိသ(နတ်တလင်း)၊ အရှင်ပညာဇောတ(အင်းလေး)၊ အရှင်ဇဋိလ(ယော)၊ အရှင်ဓမ္မိက၊ အရှင်နိသာကရာဘိဝံသ၊ အရှင်ကဝိန္ဒာစာရာလင်္ကာရဟူသော စာချုပ်နှိုးကြိုး(၁၇)ပါးတို့က အဆက်မပြတ် စာပေပို့ချပေးခဲ့ကြပါသည်။ ယခု

http://www.dhammadownload.com

၁၃၇၀-ခုနှစ်၌ စာချဘုန်းကြီး(၇)ပါး ရှိပါသည်။

ကျောင်းတိုက်သံဃာအရေအတွက်လည်း တစ်စတစ်စ တိုးလာခဲ့ရာ ဝါဆိုသံဃာ ၂၀၀-ခန့် ထိများပြားလာသည်။ ၂၅-နှစ်အတွင်း ဓမ္မာစရိယဘွဲ့ရ(၁၆)ပါးနှင့်တကွ စာအောင်ပွဲရှိလ် (၈၅၀)ကျော်ရှိပြီဖြစ်သည်။

တိပိဋကယောဆရာတော်သည် ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သံဃာများ ပစ္စည်း ၄-ပါးပြည့်စုံအောင် လှူဒါန်းထောက်ပံ့ကြသည့် ကလေးမြို့နယ် ကျေးရွာများသို့ နွေရာသီရောက်တိုင်း သွားရောက်ကာ ရေစက်ချအနမောဒနာတရားများ ဟောကြားပေးခဲ့သည်။ ကျောင်းတိုက်စာသင်သားအားလုံးအတွက်

http://www.dhammadownload.com

လိုအပ်သမျှ စာသင်သားသုံးစာအုပ်များကို နှစ်စဉ်လှူဒါန်း ခိုးမြှင့်နေပါသည်။ နှစ်စဉ် တန်ဆောင်မုန်းလရောက်တိုင်း စာချဉ်းကြီးများနှင့်တကွ ပရိယတ္တိစာအောင်ပုဂ္ဂိုလ်အားလုံးတို့အား ဆုပစ္စည်းများ လှူဒါန်းခိုးမြှင့်ပေးနေခဲ့ပါသည်။

ကျောင်းတိုက်အတွင်း ဆောက်လုပ်နေသည့် ငွေရတုဗိမာန်တော်ကြီး အချိန်မီပြီးစီးနိုင်အောင် ကျပ်သိန်း(၅၀၀)လှူဒါန်းပေးခဲ့ပါသည်။ ကျောင်းတိုက်နှစ်-၂၀ပြည့်နှင့် ငွေရတုအထိမ်းအမှတ်အလှူပွဲကိုလည်း ကျပ်သိန်းပေါင်းများစွာ စွန့်ကြဲ၍ ဦးဆောင်ကျင်းပပြုလုပ်ပေးပါသည်။ အများကုသိုလ်တိုးရေး၊

http://www.dhammadownload.com

အသိညာဏ်ဖွံ့ဖြိုးရေး၊ သာသနာစည်ပင်ပြန့်ပွား ရေးအတွက်ပင် ကျောင်းတိုက်ခွဲထားခြင်း ဖြစ်ပါသည်။ အများသူငါ ကောင်းမှုတရား တိုးပွားပြီး တိုးပွားဆဲ တိုးပွားလတ္တံ့ပင် ဖြစ်ပါသတည်း။

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

၁၃၇၀-ခုနှစ်၊ တန်ဆောင်မုန်းလ
(၂၀၀၈-ခုနှစ်၊ နိုဝင်ဘာလ)



http://www.dhammadownload.com

တိပိဋကယောဆရာတော်၏ ထုတ်ဝေပြီးသည့် ဓမ္မလက်ဆောင်စာအုပ်များ



၁။ စိတ်ထိန်းကိရိယာ

၂။ ဘဝလမ်းညွှန်

၃။ သာဓု ၄-ပါး မြတ်တရား

၄။ အပေါင်းလက္ခဏာ

၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ

၆။ ကံကိုထိန်းချုပ် စိတ်ခလုတ်

၇။ စိတ်ခါတ်ကိုမြှင့် လုပ်ပိုင်ခွင့်

၈။ ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက်

၉။ အချိန်တန်ဖိုး လူ့တန်ခိုး

၁၀။ ဘဝတစ်ကွေ့ ခဏတွေ့

http://www.dhammadownload.com

၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
၁၂။ တရားအသိ လူမျက်စိ
၁၃။ မေတ္တာပန်းခိုင် ၃-ပွင့်ဆိုင်
၁၄။ နှလုံးသားဝယ် ဘုရားတည်
၁၅။ အေးမြရွှင်ပြုံး လူနှလုံး
၁၆။ လူ၏စွမ်းအား မြတ်တရား
၁၇။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်
၁၈။ အသိမှန်ကန် ကိုယ့်ဖို့ကျန်
၁၉။ တရားကျေးဇူး စွမ်းရည်ထူး
၂၀။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
၂၁။ ကျန်းမာရွှင်လန်း မေတ္တာစွမ်း
၂၂။ မေတ္တာလက်တွဲ ရာပြည့်ပွဲ
၂၃။ ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
၂၄။ ဘဝဝေစု မြတ်ကောင်းမှု

http://www.dhammadownload.com

၂၅။ တရားဆောင်သူ စိတ်မပူ

၂၆။ အား

၂၇။ ယော

၂၈။ မွေးနေ့မင်္ဂလာရတနာ

၂၉။ ၄၅-နှစ် တရားသက်

၃၀။ နှစ်လေးဆယ့်ငါး တရားအချုပ်

၃၁။ လူ့အလှဆုံး စိန်တစ်လုံး

၃၂။ မေတ္တာနှလုံး အလှဆုံး

၃၃။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

၃၄။ အလှူကျေးဇူး စွမ်းရည်ထူး

၃၅။ နှုတ် + ဆက် = မင်္ဂလာ

၃၆။ မေတ္တာတရား လူစွမ်းအား

၃၇။ အကုန်အရ လူ့ဘဝ

၃၈။ မီးသတိပြု

http://www.dhammadownload.com

၃၉။ မေတ္တာကျေးဇူး စွမ်းရည်ထူး
၄၀။ ၄၅-ဝါ သာသနာ
၄၁။ လူအား
၄၂။ လူ၏စွမ်းအား ပတ္တမြား
၄၃။ စိတ်ကောင်းထားက မိတ်ကောင်းရ
၄၄။ အချစ်ဆုံးဆွေမျိုး
၄၅။ ညှော့်သည်
၄၆။ ၄၅-နှစ် ရဟန်းသက်
၄၇။ စိတ်အေးစရာ သာသနာ
၄၈။ တစ်ခါလာလဲ ဒါပါပဲ
၄၉။ လူ့ဘဝထဲ စာမေးပွဲ
၅၀။ ခန္ဓာကိုယ်ထဲ ဘေလုံးပွဲ
၅၁။ ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
၅၂။ ယနေ့အလုပ် ယနေ့လုပ်

http://www.dhammadownload.com

၅၃။ အဘိမမ္မာ သိစရာ
၅၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံကြိုက် စာသင်တိုက်
၅၅။ ဓာတ်
၅၆။ ဘဝကိုဆောင် အလင်းရောင်
၅၇။ လူသားမေတ္တာ ဤကမ္ဘာ
၅၈။ ဆရာ့ကျေးဇူး စွမ်းရည်ထူး
၅၉။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ
၆၀။ ဦးကောသလ္လတစ်ဘဝ ပေါ်ရတောင်ဖီလာ
၆၁။ သတိမေတ္တာ သူငါစုပေါင်း အကုန်ကောင်း
၆၂။ ယခုအလုပ် ယခုလုပ်
၆၃။ ဒီအတိုင်းပါပဲ
၆၄။ သုံးပါးမြတ်စွာ ရတနာ
၆၅။ ချစ်ခင်ညီညာ ပေါင်းတာမှန်မှ ငြိမ်းချမ်းရ
၆၆။ ဒီတစ်ခါလဲ ဒီတိုင်းပဲ
၆၇။ ပေါင်းတာမှန်မှ ကောင်းတာရ

http://www.dhammadownload.com

၆၈။ ခဏတုံးထား ၄-ဘီးကား
၆၉။ ကိုယ့်ဟာနဲ့သာ ကိုယ်နေပါ
၇၀။ ကိုယ့်ဟာကိုယ်သာ ရွေးယူပါ
၇၁။ နေကောင်းရဲ့လား
၇၂။ အသိဆန်းကြယ် အနှစ်ကြွယ်
၇၃။ မေတ္တာအစွမ်း စိတ်အေးချမ်း
၇၄။ အမျှားမကြိုက် လူမိုက်တစ်ယောက်
ပန်းတိုင်ရောက်
၇၅။ မိခင်စိတ်ထား မေတ္တာအား
၇၆။ သူဦး ကိုယ်ဦး ၃-မျှော်
၇၇။ ကိုယ့်ဟာကိုယ်ယူ စွမ်းတဲ့လူ
၇၈။ ပစ္စည်းတန်ဖိုး လူ့တန်ခိုး
၇၉။ ကိုယ့်ဂုဏ်ကိုယ်ပြု ကောင်းတာစု
၈၀။ ဆွေမျိုးကိုရာ ကိုယ့်ဆီမှာတွေ့

http://www.dhammadownload.com

ဓမ္မဒါနအလှူရှင်များ



၁။ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် +
ဒေါ်ခင်ခင်ဝင်း မိသားစု၊ နေပြည်တော်။

၂။ သာသနာရေးဝန်ကြီး သူရဦးမြင့်မောင်နှင့်
မိသားစု၊ နေပြည်တော်။

၃။ ဦးစိုးသာ + ဒေါ်ကြူကြူဝင်း မိသားစု
နေပြည်တော်။

၄။ ဦးထွန်းထွန်းဦး + ဒေါ်မာမာ၊
သမီး- မြတ်ပွင့်ဖြူသင်း
ကမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

၅။ ဝန်ထမ်းမိသားစု၊ ဆေးသုတေသနဦးစီးဌာန
(အောက်မြန်မာပြည်)
ဇီဝကလမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၆။ ဦးရိန်ဝင်း + ဒေါ်ခင်ချိုဦး၊
သား-ကောင်းထိုက်ထွန်း(တက်လမ်း)၊
ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

၇။ ဦးသန်းထွန်း + ဒေါ်ယဉ်ရှိန်၊
သား - ဒေါက်တာဘကောင်း၊
သမီး - ဒေါက်တာလဲ့ယဉ်မွန်
သီရိမင်္ဂလာလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

၈။ ဦးအောင်သိန်း + ဒေါ်လုံးတင်မိသားစု
ရှမ်းစုရပ်၊ မိုးကုတ်မြို့။

၉။ ဦးတူးမောင် + ဒေါ်ထားထားအေး မိသားစု
တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

၁၀။ ဒေါ်ပြုံးကြည်မိသားစု
ဘော်ပတန်း၊ မိုးကုတ်မြို့။

၁၁။ ဦးသန်းဆက်ဝင်း + ဒေါ်စိန်အေး၊
သား - မောင်သန်းထိုက်ဝင်း
ရွှေတောင်ကြားရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၁၂။ ဒေါက်တာကျော်ခိုင် + ဒေါ်စိန်ထွေး
သား - မောင်သက်တင်စိုး၊
မောင်ဇော်ဝင်းမောင်
သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃။ ဦးဝင်းဆွေ + ဒေါ်တင်တင်ခိုင် (မန်းရွှေလီ)
မိသားစု၊ ၃၆-လမ်း၊ ကွမ်းခြံ၊ မန္တလေးမြို့။
၁၄။ ဦးသန်း + ဒေါ်မိုးသူ မိသားစု
ပဒေသာပင်မြို့တော်၊ လှိုင်သာယာ၊
ရန်ကုန်မြို့။
၁၅။ ဦးဇော်ဇော် + ဒေါ်ဌေးဌေးခိုင်မိသားစု
အင်းယားရိပ်သာလမ်း၊ မရမ်းကုန်း၊
ရန်ကုန်မြို့။
၁၆။ ဦးခင်မြင့် + ဒေါ်သန်းသန်းဝင်း၊
သမီး-မခင်ရတနာဝင်း
အေးရိပ်မွန် ၂-လမ်း၊ ၄၊ လှိုင်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၁၇။ ဆရာမ ဒေါက်တာမတင်ဝင်း၊
သမီး - နန့်ချစ်ကြည်
မြန်မာ့ဂုဏ်ရည်အိမ်ယာ၊
အထက်ပန်းဆိုးတန်း၊ ရန်ကုန်မြို့။
၁၈။ ဦးချစ်ခိုင် + ဒေါ်ခင်စိုးဝေ မိသားစု
ဒေင်အုပ်စုကုမ္ပဏီ
အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
၁၉။ ဒေါက်တာကြည်သွင် + ဒေါ်ပြုံးခင် မိသားစု
ရွှေနှင်းဆီလမ်း၊ ဆေးဥယျာဉ်လမ်းသွယ်
မရမ်းကုန်း၊ ရန်ကုန်မြို့။
၂၀။ ဗိုလ်မှူးမောင်ငွေ + ဒေါ်ခင်မမ မိသားစု
သုဝဏ္ဏ၊ ရန်ကုန်မြို့။
၂၁။ မခင်ခိုပြုံး
ယုဇနပလာဇာ၊ တာမွေ၊ ရန်ကုန်မြို့။
၂၂။ ဒေါ်တင်တင် မိသားစု၊ စုပေါင်းလမ်း၊
အင်းယားမြို့၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၂၃။ ဦးကျော်ဝင်း + ဒေါ်စုစုလဲ့ရည်၊
သား - မောင်ဝင်းမိုး၊ သီရိမွန် ၁၀-လမ်း၊
ဘုရင့်နောင်၊ လှိုင်၊ ရန်ကုန်မြို့။
၂၄။ ဒေါက်တာဇော်ထွန်း + ဒေါက်တာ
ဌေးဌေးကြည် မိသားစု
မြခွါညိုအိမ်ရာ၊ သာကေတ၊ ရန်ကုန်မြို့။
၂၅။ ဦးဝင်းသိန်း + ဒေါ်ကြည်တာ
သား - နေဝင်းသိန်း၊ ဖြိုးဝင်းသိန်း
မြစပယ်လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်း၊
ရန်ကုန်မြို့။
၂၆။ ဦးအောင်မြနှင့် မြစ်သာမိသားစု
၃၇-လမ်း၊ ရန်ကုန်မြို့။
၂၇။ ဦးကျော်စိုးသန့် + ဒေါ်ခင်အေးမော်
သား-မင်းမော်ခန့်၊ သမီး-ဆုမြတ်ထွေး
(ဂုဏ်သီရိမိသားစု)
လမ်း ၃၀၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၂၈။ ဒေါ်ခင်မာရီ၊ သမီး - မထွေးသီတာ
မင်းကျောင်းလမ်း၊ ဒဂုံ၊ ရန်ကုန်မြို့။

၂၉။ ဦးကျော်မြင့် + ဒေါ်ကျော့ခင် မိသားစု
ခေမာလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၃၀။ ဒေါ်လှခင်မိသားစု
ပုလဲလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

၃၁။ ဦးကျော်ကျော်အောင် + ဒေါ်သင်းစုလှိုင်
သား-ကျော်ချစ်ရအောင်၊ ကျော်သုခအောင်
ကမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်မြို့။

၃၂။ ဦးအောင်လွင် + ဒေါ်ယဉ်စုခိုင်ဇော်
သား - မောင်အောင်သုခ
ဝက်ဘာလမ်းသွယ်၊ ဗဟန်း၊ ရန်ကုန်မြို့။

၃၃။ ဦးထင်ကျော် + ဒေါ်စူစီစိန်
ဝက်ဘာလမ်းသွယ်၊ ဗဟန်း၊ ရန်ကုန်မြို့။

၃၄။ ဒေါ်သန်းဦး မိသားစု
ရွှေတောင်ကုန်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

၃၅။ ဦးကြင်စိန်၊ သမီး-မန္တယ်နီစိန်၊ မဥမ္မာစိန်
ဝက်ဘာလမ်းသွယ်၊ ဗဟန်း၊ ရန်ကုန်မြို့။

၃၆။ ဦးတင်ဦး + ဒေါ်လှမြင့်
(ရွှေစင်ရတနာ)မိသားစု၊
မကြီးကြီးလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

၃၇။ ဦးစိုးသန်း+ဒေါ်မြင့်မြင့်ခိုင်၊ သမီး-စိုးယမုံခင်
တော့်ပယ်ကုနန်ဆေးဝါးထုတ်လုပ်ရေး
၂၉-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

၃၈။ ဦးကျော်နိုင် + ဒေါက်တာဒေါ်ထားထား
မြို့နယ်ဆရာဝန်၊ ဘုတလင်မြို့။

၃၉။ ဒေါ်အေးကြည်မိသားစု
ကိုင်းတန်းစျေး၊ မန္တလေးမြို့။

၄၀။ ဦးမောင်ဟန် + ဒေါ်သန်းသန်းဌေး၊ သား-
မျိုးမင်းဟန်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

၄၁။ ဒေါ်ခင်စိန် မိသားစု
ဘုရင့်နောင်လမ်း၊ ကလေးမြို့။

http://www.dhammadownload.com

၄၂။ ဦးဝင်းလှိုင် + ဒေါ်ကဲတာဒေါ်အေးအေးသင်း
မိသားစု
ပင်လုံ၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့။

၄၃။ ဦးဘမောင် + ဒေါ်ညွန့်ညွန့်သိန်း မိသားစု
ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

၄၄။ ဦးစိုးနိုင် + ဒေါ်ခင်မြင့် (သီဟစိုးမိသားစု)
ဘုရင့်နောင်လမ်း၊ ကလေးမြို့။

၄၅။ သဟပုညကာရီအဖွဲ့၊ ကလေးမြို့။